ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့၊ (24-7-2008) (၂၇၄၉)

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

လေဘေးသင့်ဒေသများ ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

လေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များနှင့် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီခွဲက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ကချင်ပြည်နယ်တာဝန်ခံ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ လေဘေးသင့်ဒေသသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များနှင့် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များ၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ▲**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး လေဘေးသင့်ဒေသများရှိ ပြည်သူများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ လှူဒါန်းသည့် ငွေကျပ် သိန်း ၉၂၀ တန်ဖိုးရှိ လက်တွန်းထွန်စက် အစီး ၁၀၀ အား ကုန်တင်ယာဉ်ကြီးများဖြင့် လေဘေးသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လေဘေးသင့် ပြည်သူများအတွက် လက်တွန်းထွန်စက်နှင့် အလှူငွေပေးအပ်ပွဲ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

နာဂစ် လေဘေးဒဏ်သင့်ပြည်သူများအတွက် တတိယအကြိမ်မြောက် အလှူငွေများပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးက လေဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် လယ်ယာသုံးလက်တွန်းထွန်စက်၊ အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်းနိုင်ရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် လေဘေးသင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)မှ ငွေကျပ် သိန်း ၉၂၀ တန်ဖိုးရှိ လက်တွန်းထွန်စက် အစီး ၁၀၀၊ စေတနာရှင်ပြည်သူများက အလှူငွေ ကျပ် ၉၃၄၂၀၀၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ အလှူငွေ ကျပ် ၂၁၇၈၂၀၀၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အလှူငွေကျပ်တစ်သိန်းနှင့် လားဟူ နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်က အလှူငွေကျပ်သုံးသိန်းတို့ကို အလှူရှင်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက အလှူငွေများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြို့နယ်အသီးသီးရှိ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်စေတနာရှင်ပြည်သူများက **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

နိုင်မြင့်(တောင်သာ) ၏ "နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံ ဥပဒေ ပြဌာန်းချက်များ (၃)" (ဆောင်းပါး)

စာမျက်နှာ-၈၉

"ဥပဒေရဲ့ ပြဌာန်းချက်တွေရဲ့ သဘောသဘာဝကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ခြင်းမရှိဘဲနဲ့၊ သေသေချာချာ လေ့လာခြင်းမရှိဘဲနဲ့ နိုင်ငံရေးပြစ်မှုတွေ ကျူးလွန်လို့ နိုင်ငံရေးအကျဉ်းသားတွေ ရှိနေတယ်လို့ ပြောဆိုနေတာဟာ လုံးဝလက်ခံနိုင်တဲ့ အချက်မဟုတ်ဘူး။"

ကြေးမုံ The Mirror
၂၄-၇-၂၀၀၈
(ကြာသပတေးနေ့)

ရေလွှမ်းမှုနှင့် ရေငန်ဝင်ရောက်မှု တားဆီးကာကွယ်ရေး လယ်သမားတာများ ပြန်လည်ပြုပြင်တည်ဆောက်

ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေမုန်တိုင်းဒဏ်ခံခဲ့ကြရသည့် ကျေးရွာများ၌ ပြည်သူများနေထိုင်စားသောက်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်အလှူရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသည်။ တစ်ချိန်တည်းတွင် ဒေသခံပြည်သူများ၏ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် ဆားချက်လုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ငပုတောမြို့နယ်တို့၌ လယ်ထွန်စက်၊ ခိုင်းကျွဲ၊ ခိုင်းနွား၊ မျိုးစပါးများ ထောက်ပံ့ပေးခဲ့ရာ ယခုအခါ မိုးစပါးများစိုက်ပျိုးနေကြသည်။ အဆိုပါမြို့နယ်များအပါအဝင် ဧရာဝတီတိုင်း တစ်ခုလုံးအနေဖြင့် မိုးစပါးဧကနှစ်သန်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း သိရသည်။

အလားတူ ရေလုပ်ငန်းလုပ်ကိုင်သူများအတွက် ငါးဖမ်းစက်လှေများ၊ ဖိုင်ဘာလှေများ၊ ငါးဖမ်းပိုက်အမျိုးမျိုး၊ အင်ဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် လွှဲပြောင်းပေးအပ်ခဲ့ရာ မူလအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်လုပ်ကိုင်နိုင်ကြပြီဖြစ်သည်။

လေမုန်တိုင်းဒဏ်ခံခဲ့ကြရသည့်ဒေသများ၌ နေထိုင်စားသောက်မှု လုပ်ငန်းများ အဆင်ပြေစေရေး၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရေးတို့အတွက် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို လျင်မြန်စွာ ဖော်ဆောင်ပေးလျက်ရှိသကဲ့သို့ မုန်တိုင်းကြောင့် ပျက်စီးသွားသည့် ကျွန်းပတ်တာများ၊ ရေငန်တားတမံများ၊ လယ်သမားတာများ၊ ရေတံခါးများ အလျင်အမြန်တည်ဆောက်ရေးသည်လည်း ဦးစားပေး လုပ်ဆောင်ရမည့်လုပ်ငန်းများ ဖြစ်သည်။

ပျက်စီးနေသည့်တာတမံများအား စိုက်ပျိုးချိန်အမီ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း၊ တာတမံများ သတ်မှတ် အမြင့်ထက် ငါးပေမှ ခုနစ်ပေအထိမြှင့်၍ တည်ဆောက်ခြင်းတို့ကို လူအင်အား၊ စက်ကိရိယာအင်အားဖြင့် လျင်မြန်စွာ ဆောင်ရွက်နိုင်မှသာ စိုက်ပျိုးပြီးနှင့် စိုက်ပျိုးဆဲလယ်မြေများ ရေလွှမ်းမိုးမှုနှင့် ရေငန်ဝင်မှုမှ တားဆီးကာကွယ်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက လေဘေးသင့်ဒေသများ၌ မြို့ရွာပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပူးပေါင်းဖော်ဆောင်လျက်ရှိသကဲ့သို့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ လယ်သမားတာများကို စိုက်ပျိုးချိန်အမီ ပြန်လည်ပြုပြင်တည်ဆောက်ပေးလျက်ရှိရာ မိုးစပါးများအပြည့်အဝ စိုက်ပျိုးနိုင်ပြီး စပါးအထွက်နှုန်း ပိုမိုတိုးတက်ထွက်ရှိနိုင်မည် ဖြစ်ပါသည်။ ။

ပြည်ထဲရေးဝန်ကြီးဌာန ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ (၁၈)ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဇူလိုင် ၂၂ ရက်က ရန်ကုန်တိုင်း ဒဂုံ မြို့နယ် ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၌ ကျင်းပရာ ဒဂုံမြို့နယ်မြို့နယ်သံဃနာယကအဖွဲ့ဝင်၊ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုန္ဒရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုးနှင့် ဇနီးဒေါ်ခင်မျိုးသူတို့က ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာ အောင်မြင်သူများအား ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့၌ ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၂၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ အော်တိုတယ်လီဖုန်းအိတ်ချိန်းရုံးသို့ သွားရောက်ပြီး ဒီဂျစ်တယ်စက်ခလုတ်ခုံအသစ် တပ်ဆင်၍ အသုံးပြုနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးသန့်စင်က ကွမ်းခြံကုန်းမြို့တွင် အိတ်ချိန်းအသစ်ဖြင့် တယ်လီဖုန်းလိုင်းများ တပ်ဆင်အသုံးပြုနေမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် အော်တိုတယ်လီဖုန်းဖြင့် ပြည်တွင်း၊ ပြည်ပသို့ တိုက်ရိုက်ခေါ်ဆိုနိုင်မှုကို စမ်းသပ်စစ်ဆေးသည်။

ဝန်ကြီးသည် ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၂ ဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်တင်ဝင်းနှင့် အေးရှားဝေါလ်ကုမ္ပဏီ ဒါရိုက်တာ ဦးသန်းမြင့်တို့က တစ်ဘာသာဂုဏ်ထူးရှင် ၅၁ ဦးအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား လေးဘာသာဂုဏ်ထူးရှင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့မှ ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော လေးဘာသာ ဂုဏ်ထူးရှင်တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(စွမ်းအင်)

ကျိုက္ကလော့မိုးကုတ်ရိပ်သာတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၃

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ပရိယတ္တိစာသင်တိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ဆရာတော်ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ ဦးစီး၍ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကို ဩဂုတ် ၂ ရက်မှစတင်၍ ကျင်းပသွားမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီပုဂ္ဂိုလ်များသည် ဩဂုတ် ၁ ရက် ညနေ ၅ နာရီ နောက်ဆုံးထား၍ လာရောက်ကြရန်နှင့် ဆွမ်းဆက်ကပ် လှူဒါန်းလိုသူများသည် ဖုန်း-၀၉၈၅၈၁၆၇၅၊ ၀၉၅၁၀၅၆၆၅နှင့် ၆၃၅၆၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ တရားချိန်များ၌ ယောဂီဝတ်စုံကိုသာ အမြဲတမ်းဝတ်ဆင်ကြရမည်ဖြစ်ကြောင်းနှင့် အသက် ၁၅ နှစ်အထက် ယောဂီများကိုသာ လက်ခံမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ သား၊ သမီးများအတွက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင်လကုန်တွင် ကျင်းပမည်ဖြစ်သည်။

ဂုဏ်ထူးရရှိသည့် သား၊ သမီးများအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်မိဘများအနေဖြင့် အစည်းအရုံးဝင်ဖြစ်ကြောင်း အထောက်အထား၊ ဂုဏ်ထူးရရှိသည့် ဘာသာရပ်များအတွက် သက်ဆိုင်ရာကျောင်းများ၏ ထောက်ခံချက်၊ သားသမီးအရင်းအချာဖြစ်ကြောင်း သန်းခေါင်စာရင်းနှင့်အတူ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဇူလိုင် ၃၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင် သား၊ သမီးများ၏ ပညာသင်ထောက်ပံ့ကြေးကိုလည်း ပေးအပ်မည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် စိုက်ပျိုးရေးဝင်း (၉)မိုင်နေ ဒေါ်စန်းနွဲ့၊ သား ကိုဝင်းကို (၃၈) နှစ်မြောက်မွေးနေ့ အလှူအဖြစ် အလှူငွေကျပ် ၃၀၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးမြသိန်းတို့ လက်ခံယူစဉ်။ (က-ပ)

ကွယ်လွန်သူ မိဘများဖြစ်သော ဦးရွှေလှ-ဒေါ်မမကြီးနှင့် အဒေါ် ဒေါ်ခင်စိန်တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ဓမ္မာရုံလမ်း ကန်တော်ကလေးနေ ဦးစိန်လှထွန်း-ဒေါ်စန်းစန်းလွင်နှင့် ဦးအောင်ကြီး- ဒေါ်သက်စုလှိုင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ဘက်စုံငွေပဒေသာပင် အလှူငွေကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က-ပ)

သာသနာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

သာသနာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၁ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှေ့မျက်နှာစာ၌ ကျင်းပသည်။

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သြဇာပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်၍ သစ်ပင်များကို စိုက်ပျိုးကြသည်။

စိုက်ပျိုး

ရှေးဦးစွာ ဝန်ကြီးက မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သြဇာပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ကွဲကောပင်၊ ပိန္နဲပင်၊ သရက်ပင်တို့ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးကြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ၏ စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၂၂ ရက်တွင် စိုက်ပျိုးသည့် သာသနာရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် သြဇာ၊ နွယ်သာကီ၊ ခရေ၊ ကံ့ကော်၊ ကြက်ဆူ၊ သရက် အစရှိသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားပင်သီးပင် ၉၂၅၀ တို့ကို စိုက်ပျိုးကြသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

သြဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် အဘိဓမ္မာသင်တန်း ကြီးကြပ်ရေးအဖွဲ့၏ သြဝါဒါစရိယ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ (အဂ္ဂမဟာပဏ္ဍိတ)ထံမှ သြဝါဒခံယူပွဲနှင့် ၂၀၀၇ ခုနှစ်အတွင်း သာသနာရေးဦးစီးဌာနက ကျင်းပခဲ့သောအဘိဓမ္မာ၊ အဘိဓမ္မာ(ဂုဏ်ထူးဆောင်)၊ ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် မိမိတို့သင်တန်းမှ ဖြေဆိုအောင်မြင်သူများအား စာအောင်ဆုနှင်းပွဲကို ဇူလိုင် ၂၆ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်ရှိ ရဟန္တာသိမ်တော်ကြီးအတွင်း၌ ကျင်းပမည်ဖြစ်သည်။ စာအောင်ပုဂ္ဂိုလ်များအားလုံးနှင့် သင်တန်းသား၊ သင်တန်းသူဟောင်း ဓမ္မမိတ်ဆွေများအားလုံး တက်ရောက်ကြည်ညိုကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်ရိပ်သာ မျက်နှာကြက် တပ်ဆင်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ရွှေမဉ္ဇူ(၂)လမ်းနေ ဒေါ်ညွန့်ညွန့်မိသားစုက ကွယ်လွန်သူ မိဘများဖြစ်သည့် ဦးသာအောင်- ဒေါ်မဲကြည်တို့အားရည်စူး၍ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်နှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့ လက်ခံယူစဉ်။ (ကြေးမုံ)

ဝါဆိုသင်္ကန်း ဆက်ကပ်၍ စေတီပြုပြင်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

လမ်းမတော်မြို့နယ်၊ ပြည်လုံးချမ်းသာ မဟာဝိဇ္ဇုကစေတီတော် မြတ်ကြီးတန်ဆောင်းအတွင်း ဝါဆိုလပြည့်နေ့က ဝါတွင်းသီလပေးပွဲတွင် လမ်းမတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဇော်နှင့် စေတီတော်စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့က အရှင်ဝိစရဏ (ဓမ္မာစရိယ၊ B.Ed) (ပရိယတ္တိအလယ်တိုက်ကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်) အား ဝါဆိုသင်္ကန်းကပ်လှူ၍ **(အပေါ်ပုံ)** မုန်တိုင်းကြောင့် စေတီတော်ကြီး ပျက်စီးမှုများ ပြန်လည်ပြုပြင်ရန် ယူနိုက်တက်ဂက်စ်မီးဖို ရောင်းဝယ်ရေးမိသားစုနှင့် ဦးစိုးမြင့်-ဒေါ်ရှုမေ မိသားစု၊ ၁၀ လမ်းက ငွေကျပ်ငါးသိန်းစီ၊ကွယ်လွန်သူကျေးဇူးရှင်ဖခင်ကြီး ဦးစိန်လှိုင်နှင့်မိခင်ကြီး ဒေါ်ခင်လှိုင်တို့အား ရည်စူး၍ သမားတော်ကြီး ပါမောက္ခ ဒေါက်တာဦးညွန့်သိန်းနှင့် မောင်နှမတစ်စုက ငွေကျပ်သုံးသိန်း၊ ဦးဝင်းမောင်-ဒေါ်သန်းသန်းဌေး-ရွှေငါးမုန့်ဆိုင်မိသားစု-၁၆ လမ်းနှင့် ဦးမြင့်ဝင်း-ဒေါ်အေးအေးသိန်း၊ လမ်းသစ်လမ်းမိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ မခင်နှင်းဖြူ၊ မောင်ဖြိုးမင်း၊ မခင်စုစုအောင်၊ မောင်ဇော်မျိုးထွန်း မောင်နှမတစ်စု အနော်ရထာလမ်းက ငွေကျပ်ငါးသောင်း စုစုပေါင်းငွေကျပ် ၁၅သိန်းငါးသောင်း လှူဒါန်းကြသည်။ (၄၃)

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

သတင်း အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း(MCPA) ကကြီးမှူး၍ Myanmar Professionals Education Centre (MPEC) ၏ ကူညီပံ့ပိုးမှုဖြင့် ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အဆောက်အအုံရှိ အခန်း(၂၀၅)၌ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း တွဲဖက်အတွင်းရေးမှူး ဦးရဲရင့်ဝင်းနှင့် အလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးထွန်းခိုင်၊ ဦးဇော်မိုးထွန်း၊ ဦးနေလင်းသန်းနှင့် ဦးဝင်းထိန်ဝင်းတို့က "How to prepare to become a Professional Developer" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် IT ပညာရပ်ကို စိတ်ပါဝင်စားပြီး Professional Developer ဖြစ်လိုသူများနှင့် အခြေခံလိုအပ်ချက်များ၊ မည်ကဲ့သို့ ပြင်ဆင်ထားရမည်နှင့် လေ့လာသင်ယူထားရမည့် လိုအပ်ချက်များစသည်တို့ကို အမေးအဖြေပုံစံဖြင့် ဆွေးနွေးပေးသွားမည်ဖြစ်သည်။

Myanmar Professional Education Centre (MPEC) သည် Professional Computer သင်တန်းများကို ၂၀၀၂ ခုနှစ်မှ စတင်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသော သင်တန်းတစ်ခုဖြစ်ပြီး ယခုအခါ Cambridge ICT (Malaysia) အသိအမှတ်ပြု Diploma in Software Engineering နှင့် Diploma in Business IT သင်တန်းများကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲသို့ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Software Developerများ၊ ကွန်ပျူတာပညာလေ့လာနေသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြပြီး အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇူလိုင် ၂၀ ရက်က ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ မှန်ကျောင်းဆောင်တော်ကြီးအတွင်း လေအေးစက်တစ်လုံး တပ်ဆင်ရန် ဦးသက်ဖူး-ဒေါ်ခင်ခင်နွဲ့ မိသားစုကငွေကျပ် ၆၅၀၀၀၀ ကို ကျောင်းကြီးတိုက်ဘက်စုံ ပြုပြင်ထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း) ထံပေးအပ်လှူဒါန်းစဉ်။ (၃၂)

▲ **ရှေ့ဖုံးမှ**

ပညာရေးကောလိပ်နှင့် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ စေတနာရှင် ပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ကချင်ပြည်နယ်အသင်းတာဝန်ခံ ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းမှူးကလည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်များကို ဝန်ကြီးကလည်းကောင်း ပေးအပ်ကြရာ ကြက်ခြေနီတပ်ဖွဲ့နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဖွဲ့ခေါင်းဆောင်တို့က လက်ခံရယူကြပြီး ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့သည့် ဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်နှင့် ချီးမြှင့်ငွေများကို ဆရာ၊ ဆရာမများကိုယ်စား ဆရာမ ဒေါ်သီဂီဝင်းက လက်ခံရယူသည်။

ထို့နောက် ပြည်နယ်ပညာရေး ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ အလှူရှင်ခြောက်ဦးတို့က ငွေကျပ်သိန်း ၃၂၀ ကို လှူဒါန်းခဲ့ပြီး ပြည်နယ်ပညာရေးမှူး ဦးကျော်ဝင်းက လက်ခံရယူကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✳ **လေဘေးသင့်မှ**

စုစုပေါင်းငွေကျပ် ၃၁၃၇၇၀၀ တန်ဖိုးရှိ အလှူငွေနှင့် အထောက်အပံ့ပစ္စည်းများကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူငွေများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် လေဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် လယ်ယာသုံး လက်တွန်းထွန်စက်အစီး ၁၀၀ အား ကုန်တင်ယာဉ်ကြီးဖြင့် လေဘေးသင့်ဒေသများသို့ ပို့ဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ လေဘေးသင့်ဒေသများသို့ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် ဒုတိယအသုတ်အဖြစ် သွားရောက်ပါဝင်ဆောင်ရွက်ကြမည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်များအား တွေ့ဆုံအမှာစကားပြောကြားကာ လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အသင်းဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာန ပေါင်းစုံ ဘောလုံးပြိုင်ပွဲ (ဃ)အုပ်စုပတ်လည် ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော် အားကစားပြိုင်ကွင်း အမှတ်(၁)နှင့် ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ဆက်လက်ကျင်းပရာ နေပြည်တော် အားကစားပြိုင်ကွင်း အမှတ်(၁)၌ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုများ၊ ဘောလုံး အားကစားဝါသနာရှင်များ တပျော်တပါး တက်ရောက်ကြည့်ရှုအားပေးကြသည်။

နေပြည်တော် အားကစားပြိုင်ကွင်း အမှတ်(၁)၌ ကျင်းပသော ပွဲစဉ်တွင် အားကစားဝန်ကြီးဌာန အသင်းက သမဝါယမဝန်ကြီးဌာန အသင်းကို အနိုင်ရရှိသွားသည်။

အလားတူ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ ကျင်းပသော ပွဲစဉ်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အသင်းကို အနိုင်ရရှိသွားသည်။

(၁၀၇)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၃

မုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ ထိုင်းနိုင်ငံ အခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ၈၅ ဒသမ ၇၁ တန်သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြောင်းသိရှိရသည်။

(သတင်းစဉ်)

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂၃

သုံးပွင့်ဆိုင်ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူအား ကုလသမဂ္ဂ လူသားချင်းစာနာမှုအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် H.E Mr. John Holmes သည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel သို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအောင်ထွန်းခိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအေး၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Robert Chua Hian Kong၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E Mr. Bansarn Bunnag ၊ အာဆီယံ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် Dr. Anish Kumar Roy ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow Parajuli ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) ဌာနေကိုယ်စားလှယ် Mr. Danial B.Baker ၊ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ဌာနေကိုယ်စားလှယ် Mr. Christopher Kaye နှင့် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (OCHA)မှ မြန်မာနိုင်ငံဆိုင်ရာ ဌာနအကြီးအကဲ Mr. Thierry Delbreuve တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

တွေ့ဆုံ

သုံးပွင့်ဆိုင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူအား ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး အကြီးအကဲ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် H.E.Mr. John Holmes လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူး၊ ပေါင်းမြက်ရှင်းလင်း

တောင်ကြီး ဇူလိုင် ၂၃

တောင်ကြီးမြို့ ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများအတွက် ဇွန် ၁၅ ရက်က တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စဝ်စံထွန်း ဆေးရုံအပြင်ဘက်ရှိ ရေမြောင်းကို ပြန်လည်တူးဖော်ခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း လုပ်ငန်းများအား ဆောင်ရွက်ခဲ့ရာ အဖွဲ့အမှုဆောင် အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်မြင့်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းတို့ ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

နွေရာသီကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

မလေးရှားနိုင်ငံထုတ် Khind နှင့် ဩစတြေးလျနိုင်ငံထုတ် Mistral Electrical & Electronic ပစ္စည်းများကို တင်သွင်းဖြန့်ဖြူးရောင်းချပေးလျက်ရှိသော Khind Electro World ၏ နွေရာသီကံစမ်းမဲဖွင့်ပွဲနှင့် ကံထူးရှင်ရွေးချယ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အလံပြဘုရားလမ်း (လပြည့်ဝန်းပလာဇာဘေး)ရှိ Khind Show Room (1) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် အထူးဆုကြီး ကိုးဆုနှင့် ခုနစ်သောင်းတန်ကြွေ Dinner Set ၉၉ ဆု စုစုပေါင်း ၁၀၈ ဆုကို အထူးဖိတ်ကြားထားသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ အရောင်း ကိုယ်စားလှယ်ကြီးများနှင့် စာနယ်ဇင်းတာဝန်ခံများမှ မဲနှိုက်ရွေးချယ်ပေးသည်။ **(အောက်ပုံ)**

ထိုအခမ်းအနားတွင် ပထမဆု ၂၂ သိန်းတန် Khind Side by Side Refrigerator ကို Naing Electronic မှ 16" Auto Fan ဝယ်ယူခဲ့သော လှိုင်မြို့နယ်မှ ကိုထွန်းထွန်းဇော်[၉/ပဘန(နိုင်) ၁၂၅၀၀၆]၊ ဒုတိယဆု Split type Air Conditioner (1.5) HP ကို Khind Electro World မှ Tower Fan ဝယ်ယူခဲ့သော ပဲခူးမြို့နေ ဦးမြင့်လွင် [၇/ပခန(နိုင်) ၁၆၇၉၀၅]၊ တတိယဆု Semi Auto Wachine Machine ကို Khind Electro World မှ Electric Kettle ဝယ်ယူခဲ့သော ဒဂုံမြို့နယ်မှ သီဂီရွှေဝါ ပိုးထည်ဆိုင်၊ စတုတ္ထဆု ၃၆၀ ဒီဂရီ လည်ပတ်နိုင်သော နောက်ဆုံးပေါ် ပန်ကာဘုရင် (Tower Fan)ကို Khind Electro World မှ Emergency Light ဝယ်ခဲ့သော သာကေတမြို့နယ်မှ ကိုမိုးကျော်သူ [၁၂/ပဇတ(နိုင်) ၀၁၇၄၁၅]၊ ပဉ္စမဆု Air Cooler (Sow) ကို စိန်ဂေဟာ စူပါစင်တာမှ Induction Cooker ဝယ်ယူခဲ့သော ဒေါ်ဌေးဌေးဝင်း ဖုန်း-၀၉၅၀၁၃၈၃၅၊ ဆဋ္ဌမဆု Microwave Oven ကို စိန်ဂေဟာ စူပါစင်တာမှ Electric Kettle ဝယ်ယူခဲ့သော မမာလာဖြူ [၁၂/လမန(နိုင်) ၀၀၀၃၂၆]၊ သတ္တမဆု အဖုံးပါ စတီးအိုး လက်ဆောင်ပါဝင်သော Induction Cooker ကို မန္တလေးမြို့ MT Electronic မှ Hair Dryer ဝယ်ယူခဲ့သော ကိုသန့်လွင် [၁/မကန (နိုင်) ၀၃၈၅၅၇]၊အဌမဆု အရပ်ရှစ်မျက်နှာလှည့် Remote Control Stand Fan ကို Khind Electro World မှ Oven Toaster ဝယ်ယူခဲ့သော ရန်ကင်းမြို့နယ်မှ ဒေါ်ကျင်စန်းဝင်း [၁၂/သကတ (နိုင်)၁၁၇၉၀၈]၊ နဝမဆု မီးသွေးမီးဖိုကဲ့သို့ မီးအားညီမျှစေသော Infra Red Gas Cooker ကို Khind Electro World မှ Switch Socket ဝယ်ယူခဲ့သော ဖလမ်းမြို့မှ မနွယ်နွယ်ဇင် [၉/ဖလန(နိုင်) ၀၀၃၉၃၀] တို့က အသီးသီး ရရှိခဲ့ကြသည်။

ဝယ်ယူသူများသည် ငွေကျပ် ၇၀၀၀ မှ ၇၀၀၀၀ ဝန်းကျင်အတွင်း ဝယ်ယူခဲ့သည့် တန်ဖိုးအပေါ်တွင် ယခုကဲ့သို့ ဆုများ ရရှိခဲ့ကြခြင်းဖြစ်သည်။

ကျန်အထူးဆုဖြစ်သော မလေးရှားနိုင်ငံလုပ် Micro wave အပူခံ ၇၀၀၀၀ တန် လေးယောက်စာ ကြွေ Dinner Set ၉၉ စုံကို ရန်ကုန် အပါအဝင် မန္တလေး၊ မော်လမြိုင်၊ သာယာဝတီ၊ အိမ်မဲ စသော နယ်မြို့များမှ ဝယ်ယူသူများပါ ရရှိခဲ့ကြပြီး ထို Dinner Set ဆုမဲများကို ဇူလိုင် ၂၈ရက်မှစ၍ အလံပြဘုရားလမ်းရှိ Khind Show Room ၌ တစ်လအတွင်း ထုတ်ယူနိုင်သည်။

အထူးဆုကြီး ကိုးဆုနှင့် ဝယ်အားအကောင်းဆုံးအရောင်းကိုယ်စားလှယ်ဆုများကို ၂၀၀၈ ခုနှစ် ဩဂုတ်လအတွင်းတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပပေးမည်ဖြစ်ပြီး အခမ်းအနား တက်ရောက်ရန် ဖိတ်စာနှင့်တကွ အကြောင်းကြားမည်ဖြစ်သည်။

Khind Electrical & Electronic မှ Blazon Shopping Centre ၌ ဇူလိုင် ၇ ရက်မှ ဇူလိုင်လကုန်အထိ 7% to 20% Discount ဖြင့် အရောင်းမြှင့်တင်မှု အစီအစဉ်များကို ပြုလုပ်လျက်ရှိပြီး အခြား Shopping Centre များတွင်လည်း တန်ဆောင်တိုင်ကာလအထိ Promotion အစီအစဉ်များကို အလှည့်ကျ ပြုလုပ်သွားမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ လက်လီ၊ လက်ကား ဝယ်ယူလိုသူများသည် Khind Show Room သို့ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး မှာယူသည့် ပစ္စည်းများကို သက်ဆိုင်ရာ ဂိတ်များအရောက် ပို့ဆောင်မှုပြုပေးမည်ဖြစ်ကြောင်း၊ Khind Show Room Ph:242307, 380475 တို့သို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးရာသီ ခြံစည်းရိုးကြက်ဆူစုပေါင်းစိုက်ပျိုးပွဲ ပင်လောင်းမြို့၌ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးရာသီ ခြံစည်းရိုးကြက်ဆူ စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၁၁ ရက် ညနေပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၊ ဆောင်းပြောင်းကျေးရွာ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်က အမှာစကား ပြောကြားပြီး ခြံစည်းရိုးကြက်ဆူပျိုးပင်များကိုပေးအပ်၍ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူပင်များနှင့် နှစ်ရှည်သီးနှံပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် မိုးပြဲရေလှောင်တမံသို့ရောက်ရှိကြပြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ စိုက်ပျိုးရေပေးဝေမှုနှင့် ဆည်တမံကြွခိုင်မှု အခြေအနေများကိုလည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ နည်းပညာတက္ကသိုလ် စာသင်ဆောင်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ ဆုတောင်းပြည့် မြို့နာမ်စေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ-နိ(ရန်ကုန်ဌာန) တိပိဋက ကျောင်းတော် အမှတ်(၁၂/၁၆) စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့၌ (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၀ရက်က ကျင်းပရာ တိ-နိ(ပင်မ)အဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ဦးကြည်ညွန့်နှင့် အမှုဆောင်များ၊ တိ-နိအဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေ အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့်တိ-နိ စီမံအုပ်ချုပ်မှုနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(ကြေးမုံ)

လှိုင်မြို့နယ် ခေတ်မီ မီးသတ်စခန်းသစ်ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်၌ တည်ဆောက်မည့် ခေတ်မီ(၅)ယူနစ် နှစ်ထပ် မီးသတ်စခန်းသစ် ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနားသို့ တက်ရောက်၍ ပန္နက်တင်ပေးကြသည်။

အဆိုပါ ပန္နက်တင်အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် အရာရှိကြီးများ၊ လှိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ သူရိန်သွေး ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပန္နက်တင် အခမ်းအနားတွင် သူရိန်သွေး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မန်နေဂျင်းဒါရိုက်တာဦးသိန်းနိုင်၊မီးသတ်ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက မီးသတ်စခန်းသစ် တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာဒုတိယဝန်ကြီးကလိုအပ်သည်များကို ဖြည့်စွက်မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက္ကသိုလ်များ ခြေလျင်နှင့်တောင်တက်အသင်း ခရီးကြမ်းထွက်ခွာလေ့ကျင့်

ရန်ကုန် ဇူလိုင် ၂၃

တက္ကသိုလ်များ ခြေလျင်နှင့် တောင်တက်အသင်းဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်၍ အဖွဲ့ဝင်၆၇ဦး ပါဝင်သော မိုးရာသီ ခရီးကြမ်းလေ့ကျင့်ရေးအဖွဲ့သည် ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အတွင်း မွန်ပြည်နယ် သထုံခရိုင် ဘီးလင်းမြို့နယ်ရှိ ကေလာသ-ဝေပုလ္လ တောင်တန်းများသို့ ခရီးကြမ်းထွက်ခွာ လေ့ကျင့်ခဲ့ကြသည်။

အဆိုပါ ခရီးကြမ်းအဖွဲ့သည် လေ့ကျင့်ရေးကာလအတွင်း ရောက်ရှိရာ တောင်ကြောတစ်လျှောက်ရှိ တောရကျောင်းများသို့ ဝင်ရောက်ကာ တောရဆောက်တည်ကြသည့် သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်၊ ဖယောင်းတိုင်၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်း မျိုးစုံကို ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျိုက်လတ်မြို့နယ် ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၀ရက် ညနေ၃နာရီတွင် ကျိုက်လတ်မြို့နယ် (၉)လမ်းရှိ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်ထင်က အဖွင့်အမှာစကား ပြောကြားပြီး **(ယာပုံ)** နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးတင့်လွင်က ဘောလုံးကန်၍ဖွင့်လှစ်ပေးသည်။ ထို့နောက် ဘောလုံးပြိုင်ပွဲကို စတင်ကျင်းပရာ အမှတ်(၂)ရပ်ကွက်အသင်းကအမှတ်(၆)ရပ်ကွက်အသင်းကိုလေးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ကျိုက်လတ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲတွင် ဌာနဆိုင်ရာအသင်းများ၊ ရပ်ကွက်အသင်းများ၊ နယ်မြေခံတပ်မှ အသင်းများ စုစုပေါင်း အသင်း ခုနစ်သင်း အုပ်စုပတ်လည် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(မြို့နယ်ထွေ/အုပ်)

မိုးကုတ်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက်ကျေးရွာရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ သန်လျင်မြို့ အောင်ချမ်းသာ(၂) မိုးကုတ်ရိပ်သာ ပဓာနနာယက၊ နယ်လှည့်သာသနာ့ပြုဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တခေမာစာရသည် ဩဂုတ် ၁၆ရက်မှ ၂၂ရက်အထိ(၇)ကြိမ်မြောက် ခုနစ်ရက် တရားစခန်းဖွင့်လှစ်မည်ဖြစ်သည်။

တရားစခန်းဝင်လိုသူများနှင့်အလှူရှင်များသည် အမှုဆောင်အဖွဲ့ ဦးစိုးဝင်း ဖုန်း-၅၇၀၆၅၆၊ ဦးခင်ကြည် ဖုန်း-၅၇၂၆၉၄၊ ဆရာမကြီးဒေါ်အေးအေးရီနှင့် ဒေါ်မြင့်မြင့်ဝင်း ဖုန်း-၇၂၄၅၁၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေ နှစ်ဧက၌ သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ်နေ ဖခင်ကြီး ဦးစိန်ဟန်-မိခင်ကြီးဒေါ်ခင်စောတို့အားရည်စူး၍ သမီး-ဒေါ်မူမူဟန်၊ မြေး မောင်ထွန်းထွန်းဝင်းတို့က အလှူငွေကျပ် ၁၀၅၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင် သုဝဏ္ဏလင်္ကာရ (ဘုံဘေ)ထံ ဆက်ကပ်လှူဒါန်းစဉ်။

(က-ပ)

မြန်အောင်မြို့ လေးမျက်နှာမဟာစည်သာသနာ့ရိပ်သာ ဝါတွင်းတရားစခန်းပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

မြန်အောင်မြို့ လေးမျက်နှာ မဟာစည် သာသနာ့ရိပ်သာကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းတရားစခန်းပွဲများကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၇ရက် (ဇူလိုင်၂၄ရက်)တွင် ပထမအကြိမ်၊ ဝါခေါင်လပြည့်ကျော် ၇ရက် (ဩဂုတ်၂၃ရက်)တွင် ဒုတိယအကြိမ်၊ တော်သလင်းလပြည့်ကျော် ၇ရက် (စက်တင်ဘာ ၂၁ ရက်)တွင် တတိယအကြိမ် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ မဟာစည်ဌာနချုပ်နာယက လေးမျက်နှာဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးကိုယ်တိုင်ကြွရောက်၍ တရားပြသဟောကြားမည်ဖြစ်ကြောင်း၊ မြန်အောင်မြို့ လေးမျက်နှာမဟာစည် သာသနာ့ရိပ်သာ ဖုန်း-၀၄၄-၅၀၁၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၈ ခုနှစ် ဇွန်လအတွင်း ယာဉ်တိုက်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

ပြည်နယ်နှင့်တိုင်းများ၌ ၂၀၀၈ခုနှစ်ဇွန်လအတွင်း ယာဉ်တိုက်မှု ၄၈၈မှု ဖြစ်ပွားပြီး သေဆုံးသူ ၁၁၄ဦး၊ ဒဏ်ရာရသူ ၈၅၃ဦးနှင့် ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၉၄သိန်းကျော်ရှိကြောင်း သက်ဆိုင်ရာမှသိရှိရသည်။

ယင်းတို့တွင် ကချင်ပြည်နယ်၌ ၂၁မှု ဒဏ်ရာရ ၄၀နှင့် သေဆုံးသူ ခြောက်ဦး၊ ကယားပြည်နယ်၌ တစ်မှု ဒဏ်ရာရ နှစ်ဦး၊ ကရင်ပြည်နယ်၌ ၁၄မှု ဒဏ်ရာရ၃၂ဦးနှင့် သေဆုံးသူတစ်ဦး၊ စစ်ကိုင်းတိုင်း၌ ၆၇မှု ဒဏ်ရာရ ၁၄၅ဦး နှင့် သေဆုံးသူ ကိုးဦး၊ တနင်္သာရီတိုင်း၌ ကိုးမှု ဒဏ်ရာရ ခြောက်ဦးနှင့် သေဆုံး သူ၁၀ဦး၊ ပဲခူးတိုင်း၌ ၅၃မှု ဒဏ်ရာရ၈၆ဦးနှင့် သေဆုံးသူ ခုနစ်ဦး၊ ပဲခူးတိုင်း အနောက်ပိုင်း၌ ၂၉မှု ဒဏ်ရာရ၄၂ဦးနှင့် သေဆုံးသူ သုံးဦး၊ မကွေးတိုင်း၌ ၂၃မှု ဒဏ်ရာရ၃၁ဦးနှင့် သေဆုံးသူနှစ်ဦး၊ မန္တလေးတိုင်း၌ ၁၂၄မှု ဒဏ်ရာရ ၂၃၈ဦးနှင့် သေဆုံးသူ၃၀၊ မွန်ပြည်နယ်၌ ၂၂မှု ဒဏ်ရာရ ၂၇ဦးနှင့် သေဆုံးသူ ၁၃ဦး၊ ရခိုင်ပြည်နယ်၌ ခုနစ်မှု ဒဏ်ရာရခြောက်ဦးနှင့် သေဆုံးသူတစ်ဦး၊ ရန်ကုန် တိုင်း၌ ၆၁မှု ဒဏ်ရာရ၁၂၂ဦးနှင့် သေဆုံးသူ၁၅ဦး၊ ရှမ်းပြည်နယ်၌ ၁၇မှု ဒဏ်ရာရ၂၀နှင့် သေဆုံးသူသုံးဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ ၁၈မှု ဒဏ်ရာရ ၃၃ဦးနှင့် သေဆုံးသူ ရှစ်ဦး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ ခုနစ်မှု ဒဏ်ရာရ၁၂ဦးနှင့် သေဆုံးသူနှစ်ဦး၊ ဧရာဝတီတိုင်း၌ ၁၅မှု ဒဏ်ရာရ ၁၁ဦးနှင့် သေဆုံးသူလေးဦး တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ဝင်စားစရာ ကမ္ဘာ့သတင်းတိုထွာ

ပျမ်းမျှလူ့သက်တမ်း အမြင့်ဆုံးနှင့်အနိမ့်ဆုံးနိုင်ငံ

ကမ္ဘာပေါ်တွင် လူ့သက်တမ်းအမြင့်ဆုံးနိုင်ငံမှာ ဥရောပတိုက်၏ အနောက်တောင်ဒေသမှ လူဦးရေ တစ်သိန်းခန့်ရှိသည့် အင်ဒိုရာနိုင်ငံ ဖြစ်သည်။ စပိန်လူမျိုးစု အများဆုံးနေထိုင်ပြီး အင်ဒိုရာလူမျိုးစုက ရာခိုင်နှုန်း ၃၀ခန့်ရှိကာ ပြင်သစ်လူမျိုးအနည်းစုတို့နေထိုင်ကြသည်။ စပိန်နှင့် ပြင်သစ်နိုင်ငံတို့နှင့် အနီးကပ်တည်နေသည်။ ၂၀၀၅ခုနှစ် စာရင်းများအရ အင်ဒိုရာနိုင်ငံသားတို့၏ ပျမ်းမျှသက်တမ်းမှာ ၈၃ဒသမ၅၁နှစ် ဖြစ်ပြီး အမျိုးသား ၈၀ဒသမ ၆နှစ်နှင့် အမျိုးသမီး၈၆ဒသမ ၆နှစ်ဖြစ်သည်။

ကမ္ဘာပေါ်တွင် လူ့သက်တမ်း အနိမ့်ဆုံးနိုင်ငံမှာ လူဦးရေတစ်သန်းခန့်ရှိသည့် အာဖရိကတိုက် တောင်ဘက်ပိုင်း အိန္ဒိယသမုဒ္ဒရာ ကမ်းရိုးတန်းဒေသအနီးမှဆွာဇီလန်နိုင်ငံဖြစ်သည်။ ကျား-မပျမ်းမျှသက်တမ်းမှာ ၃၀ဒသမ ၈နှစ်ဖြစ်သည်။ ဆင်းရဲခြင်းနှင့် အိပ်ချ်အိုင်ဗွီ ရောဂါကူးစက်ပျံ့နှံ့ခြင်းတို့မှာ ဆွာဇီလန်နိုင်ငံ၏ အဓိကပြဿနာဖြစ်သည်။

ဖျားနာ တာရှည်သည့်လူမျိုး

ကမ္ဘာပေါ်တွင် ကျန်းမာရေးချို့တဲ့မှုကြောင့် ဘဝသက်တမ်းတစ်လျှောက် အဖျားအနာတာရှည်ရသည့်လူမျိုးမှာ မက္ကဆီကို အမျိုးသမီးများဖြစ်သည်။ ၎င်းတို့သည် ဘဝသက်တမ်းကာလ၏ ၁၅ဒသမ၃ ရာခိုင်နှုန်းမှာ နာမကျန်းဖြစ်နေခဲ့ရသည်။

ထို့အတူ ဟန်ဂေရီအမျိုးသားများမှာ၎င်းတို့ဘဝသက်တမ်း၏ ၁၃ဒသမ ၈ရာခိုင်နှုန်းမှာ ဖျားနာ နာမကျန်းဖြစ်နေသော ကာလများ ဖြစ်သည်ဟု ဆိုသည်။

ဆရာဝန်နှင့် လူနာအချိုး

ကမ္ဘာပေါ်တွင် ဆရာဝန်ဦးရေနှင့် လူနာဦးရေအချိုး မညီ၊ မမျှမတ အဖြစ်ဆုံးနိုင်ငံမှာ ကွန်ဂိုနိုင်ငံ ကင်ရှာဆာမြို့ဖြစ်ပြီး ဆရာဝန်နှင့် လူနာအချိုးမှာ ၁း၇၁၉၅၈ ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆရာဝန်နှင့် လူနာအချိုး အနည်းဆုံးနိုင်ငံမှာ ကျူးဘားနိုင်ငံဖြစ်ပြီး ဆရာဝန်နှင့် လူနာအချိုးမှာ ၁း၁၇၀ ဖြစ်သည်။

သေနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံး

ကမ္ဘာပေါ်တွင် သေနှုန်းအမြင့်ဆုံးနိုင်ငံမှာ ဆွာဇီလန်နိုင်ငံဖြစ်ပြီး လူ ၁၀၀၀လျှင်၃၁ဒသမ၂ ဦး နှစ်စဉ်သေဆုံးနေသည်။ သေနှုန်းအနိမ့်ဆုံးနိုင်ငံမှာ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) ဖြစ်ပြီး နှစ်စဉ်လူ ၁၀၀၀လျှင် ၁ဒသမ ၃ဦးသာ သေဆုံးသည်။

ကြံခင်းကျောင်းစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၃

လှိုင်မြို့နယ် (၅)ရပ်ကွက် ကြံခင်းကျောင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၇ ရက်ကကျင်းပရာ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စ(နေပြည်တော်တပ်ကုန်း)က တရားတော်များချီးမြှင့်ပြီး အလှူဒါယကာ၊ ဒါယိကာမများက သံဃာတော်များအား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ကျောင်းတွင် အသစ်တည်ဆောက်လျက်ရှိသော သုံးထပ်ကျောင်းတော်ကြီးအတွက် အားမာန်ဝပ်ရှော့က အလှူငွေကျပ်တစ်သိန်း၊ (၇)ရပ်ကွက် (၅၈)လမ်း မိသားစုက အလှူငွေကျပ် ၁၇၃၂၀၀ တို့ကို ကျောင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးဘဝင်းထံ ပေးအပ်လှူဒါန်းသည်။

(က-ပ)

ပဌာန်းရောင်တော်ဖွင့်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၃

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဌာန်းရောင်တော်ဖွင့် အသင်းမှ နှစ်စဉ်နှစ်တိုင်းကဲ့သို့ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်မြတ်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အသင်းကြီး၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်း အထက်ထပ်၌ ကျင်းပမည်ဖြစ်ပါ၍ အလှူရှင်များနှင့် အသင်းသား၊ အသင်းသူများ ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

လူနေအိမ် ၂၈၆ လုံး ဆောက်လုပ်ရန် ငွေကျပ် ၁၇၁၆ သိန်းလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပ မှစေတနာရှင်၊ အလှူရှင်များက အလှူငွေများကို နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ လေဘေးသင့်ဒေသများအတွက် အလှူငွေနှင့်ပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ i Love Myanmar မှ Executive Director, Ms.Levi Sap Nei Thang နှင့် မိသားစုတို့က ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာနှင့်သဲချောင်းကျေးရွာတို့၌ လူနေအိမ် ၂၈၆ လုံး ဆောက်လုပ်ရန် အလှူငွေကျပ် ၁၇၁၆ သိန်းကို လာရောက်ပေးအပ်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်ထံ i Love Myanmarမှ Executive Director Ms. Levi Sap Nei Thang နှင့် မိသားစုတို့က ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာနှင့် သဲချောင်းကျေးရွာတို့တွင် လူနေအိမ် ၂၈၆လုံး ဆောက်လုပ်ရန်အတွက် ငွေကျပ် ၁၇၁၆ သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(လူမှုဝန်ထမ်း)

လမ်းပန်းခက်ခဲသော လေဘေးသင့်ကျေးရွာများသို့ ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်းနှင့်ဧရာဝတီတိုင်း ဖျာပုံမြို့နယ်တို့ရှိ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ရက်တွင် ဧရာဝတီတိုင်း ကူးစက်ရောဂါစုံစမ်းရေးအရာရှိ ဒေါက်တာခင်နန်းလုံ ဦးဆောင်၍ လက်ထောက်ကျန်းမာရေးမှူး သုံးဦးနှင့် ဖျာပုံမြို့နယ်မှ အခြေခံကျန်းမာရေးဝန်ထမ်းများအပါအဝင် အဖွဲ့ဝင် ၁၂ ဦးပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဖျာပုံမြို့နယ်အတွင်းရှိ လမ်းပန်း ခက်ခဲသော လေဘေးသင့်ကျေးရွာများသို့ စက်လှေများဖြင့်သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့သည် ဖျာပုံမြို့နယ်အတွင်းရှိ လမ်းပန်းခက်ခဲသော နှာကြီးကျေးရွာနှင့် ရေကျော်ကြီးကျေးရွာများသို့ စက်လှေဖြင့်သွားရောက်၍ ရေကျော်ကြီး ကျေးရွာစာသင်ကျောင်း၌ ကလေးငယ်များအား သန်ချဆေးနှင့်သံဓာတ်အားဆေးတိုက်ကျွေးခြင်း၊ကလေးငယ်များအား ဖွံ့ဖြိုးမှုတိုင်းတာပေးခြင်း၊အာဟာရမှုန့်များ ဖြန့်ဝေပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား စမ်းသပ်ပေးခြင်း၊ မေးခိုင်ရောဂါ ကာကွယ်ဆေး ထိုးပေးခြင်း၊ အားဆေးများဖြန့်ဝေပေးခြင်းအပြင် ထိခိုက်ရှနာ ဒဏ်ရာရသူများအား စမ်းသပ်ကုသပေးခြင်း၊ အထွေထွေရောဂါလူနာများအား စမ်းသပ်ကုသပေးခြင်း၊ ကူးစက်ရောဂါများဖြစ်ပွားမှု ရှိ/မရှိ စုံစမ်းထောက်လှမ်းခြင်း၊ ကျေးရွာနေပြည်သူများအား ကျန်းမာရေးပညာပေးခြင်းများကို ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည့်လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင်အသုံးပြုရန် World Vision (Myanmar)က ရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများလှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနရှိ ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် World Vision (Myanmar)မှတာဝန်ခံ ဒေါက်တာကြည်မင်းနှင့်အဖွဲ့က လေဘေးသင့်ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ၈၉၀၀၀တန်ဖိုးရှိရေသန့်စက်ပစ္စည်းများနှင့် ကလိုရင်းဆေးပြားများကိုပေးအပ်လှူဒါန်းရာကျန်းမာရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို ဩဂုတ် ၁၀ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြရန်နှင့် ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ကျောင်းသုံးပစ္စည်းများလှူဒါန်း ကျန်းမာရေးပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ကကျောင်းသုံးပစ္စည်းများလှူဒါန်းခြင်းနှင့်ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့် **(ယာပုံ)**နှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မဥ္ဇူဝင်းနှင့် အဖွဲ့ဝင်များက ကျောင်းအုပ်ဆရာမကြီးဒေါ်လှဲ့လှဲ့ဝင်းသို့ ရေသန့်ဘူးများ၊ စာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သောင်းကို ပေးအပ်လှူဒါန်းပြီး ကျောင်းနှင့်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ ကျန်းမာရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများ၊ ဖုံး-သွန်-လဲ-စစ်လုပ်ငန်းများ၊ ဆေးပြားခတ်ခြင်း၊ ဆေးစိမ်ခြင်းလုပ်ငန်းများဆောင်ရွက်ကြကြောင်း သိရသည်။

(၅၄၆)

ရန်ကုန် အနောက်ပိုင်းခရိုင်၊ လသာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုဝင်များ၏၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဇူလိုင်၁၀ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မိသားစုစည်းကမ်းထိန်းသိမ်းရေးနှင့် စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်က ပညာသင်ထောက်ပံ့စရိတ်ငွေကျပ် ၁၆၅၀၀၀ကို ပေးအပ်စဉ်။ (ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဥပုသ်သည်ငါးဦး"တရားတော်(အပိုင်း-၁) (ဆရာတော် အရှင်ပုညာနန္ဒ)
၇း၅၅ - ၁း၅၅	နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈း၁၅ - ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ - ၂း၂၀	ပြည်တွင်းအနုပညာရေးရာ
၈း၄၅ - ၂း၄၅	ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (တွံတေး၊ကော့မှူး)
၉း၀၀ - ၃း၀၀	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀ - ၃း၁၀	စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	ရှေးဟောင်းလက်ရာများနှင့် သုဓမ္မာရာမ (ပိန်းဇလုပ်မြို့မှ သုဓမ္မာရာမပရိယတ္တိစာသင်တိုက်)
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	အရည်အသွေးထူးခြား Daewoo လျှပ်စစ်ပစ္စည်းများ
၁၀း၂၅ - ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀ - ၄း၃၀	စားချင်စဖွယ်နည်းအသွယ်သွယ် (ကော်ကြော်ပြုလုပ်နည်း)
၁၀း၄၀ - ၄း၄၀	Activities In The City (အမေ့အိမ်ပညာရေး ဝန်ဆောင်မှု အလှူငွေပေးအပ်ပွဲအခမ်းအနား)
၁၀း၅၀ - ၄း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ဥမ္မာကျော်နှင့်တွေ့ဆုံခြင်း)
၁၁း၃၅ - ၅း၃၅	နှင်းဆီပင်စိုက်ကြရအောင်
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	Yangon Panorama (ကျော်ဟိန်းရဲ့ နောက်ဆုံးတွေထဲက ပထမဆုံးပေးဆပ်ပွဲ)
၁၂း၁၀ - ၆း၁၀	တေးဂီတအစီအစဉ်
၁၂း၁၅ - ၆း၁၅	စားချင်ဖွယ်ရာပြုလုပ်ထား ကံရိုးရွာက မုန့်ဟင်းခါးဖတ်ခြောက်များ
၁၂း၂၅ - ၆း၂၅	**အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "အမေ့ချစ်သူ ကျွန်တော့်ပထွေး ဗီဒီယိုဇာတ်ကား ရိုက်ကွင်းအမှတ်တရ**
၁၂း၄၅ - ၆း၄၅	သဘာဝကပေးတဲ့အကျိုးအာနိသင်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြေယာ၊ ယစ်မျိုးလုပ်ငန်းနှင့် ဘဏ္ဍာ/ငွေစာရင်းထိန်းသိမ်းခြင်း မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၈)ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်နှင့်တိုင်း အသီးသီးမှ စီမံခန့်ခွဲရေးဝန်ထမ်းအဆင့်(၁)များ မြေယာ၊ ယစ်မျိုးလုပ်ငန်းနှင့် ဘဏ္ဍာ/ငွေစာရင်း ထိန်းသိမ်းခြင်း မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၈) သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပြည်နယ်နှင့်တိုင်း အသီးသီးရှိမြို့နယ်များ၌ ဒုတိယဦးစီးမှူးများအဖြစ် တာဝန်ထမ်းဆောင်နေကြသော စီမံ(၁)ဝန်ထမ်းများကို ဌာနဆိုင်ရာ ငွေစာရင်းလုပ်ငန်းများနှင့် မြေယာ၊ ယစ်မျိုးနှင့် အခွန်ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ပိုမိုသိရှိနားလည်ပြီး ကျွမ်းကျွမ်းကျင်ကျင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ပြီး ယခုမွမ်းမံသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ လက်တွေ့လုပ်ငန်းခွင်၌ အစဉ်ကြုံတွေ့နေရမည့်အချက်များဖြစ်သည့်အတွက် ပြည့်စုံကျေညက်စွာ သိရှိနားလည်သဘောပေါက်အောင် လေ့လာသင်ယူကြရန်လိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့နယ်များမှ ဒုတိယဦးစီးမှူး ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်နှင့်တိုင်း အသီးသီးမှ စီမံခန့်ခွဲရေးဝန်ထမ်း အဆင့်(၁)များ မြေယာ၊ ယစ်မျိုးလုပ်ငန်းနှင့် ဘဏ္ဍာ/ငွေစာရင်း ထိန်းသိမ်းခြင်း မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျိုက္ကစံ ဆံတော်ရှင်စေတီတော် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်နှင့် သာသနိက အဆောက်အအုံများ ဘက်စုံပြန်လည်မွမ်းမံရန်အတွက် သဃ်န်းကျွန်းမြို့နယ် လေးဒေါင့်ကန်လမ်းမကြီးနေ ဦးစစ်ငွေ-ဒေါ်အင်ကြည် မိသားစု (မြဘုရင်) နို့ဆီချက်စက်ရုံက အလှူငွေကျပ် တစ်သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ (ဆင်မင်း) ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ငွေကျပ်သိန်း ၄၀ ဖောက်ထွင်းခံရမှု ၄၈ နာရီအတွင်း သက်သေခံပစ္စည်း ဖော်ထုတ်ဖမ်းဆီးနိုင် ပိုင်ရှင်ထံ ငွေများပြန်လည်ပေးအပ်

ရန်ကုန် ဇူလိုင် ၂၃

ငွေကျပ်သိန်း ၄၀ဖောက်ထွင်းခံရမှုကို ၄၈နာရီအတွင်းသက်သေခံပစ္စည်း ဖော်ထုတ်ဖမ်းဆီးနိုင်ပြီး ပိုင်ရှင်ထံ ပြန်လည်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၈ရက်က ပုသိမ်မြို့ အသည်ကြီး ရဲစခန်း၌ကျင်းပရာ စခန်းမှူး ရဲအုပ် ကျော်ဇေယျက အမှုမှ ပြန်လည် သိမ်းဆည်းရမိသော ငွေကျပ် သိန်း ၄၀ ကို ပိုင်ရှင်ထံ ပြန်လည်အပ်နှံခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)**

အမှုမှာ ပုသိမ်မြို့ ဦးချိုဆန်စက်ပိုင်ရှင် ဦးမျိုးဝေနှင့် ဇနီး ဒေါ်အုန်းကြည်တို့သည် ဇွန် ၂၆ ရက်ညနေ ၅ နာရီတွင် ဆန်စက်ရုံးခန်းအတွင်းရှိ စာရေးခုံအံဆွဲအတွင်း၌ စပါးဖိုးငွေကျပ်သိန်း ၄၀ ကို သော့ခတ်သိမ်းဆည်း၍ နေအိမ်သို့ပြန်သွားခဲ့ကြောင်း၊ နောက်တစ်နေ့နံနက်တွင် ဆန်စက်ရုံးခန်းစာရေးခုံအံဆွဲမှာ ပျက်စီးနေပြီး ငွေများဖောက်ထွင်း ခိုးယူခြင်းခံရကြောင်း သိရှိရသည်။

ထို့ကြောင့် အသည်ကြီးရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ရာ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး(ယာယီ)ရဲမှူးလှငွေ၊ မြို့နယ်မှူး ဒုရဲမှူးဝင်းကြိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဇော်မင်းထွန်းနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ကြိုးပမ်းမှုကြောင့် ၄၈ နာရီအတွင်းမှာပင် ပုသိမ်မြို့ အမှတ်(၁) နယ်မြေ မနောဟာရီ -၂လမ်းနေ မောင်မောင်ထွေးနှင့် ဇနီးမလှလှဝင်းတို့ကို ငွေကျပ်သိန်း၄၀ နှင့်အတူ လက်ရဖမ်းဆီးရမိခဲ့သဖြင့် ယခုကဲ့သို့ ပြန်လည်လွှဲပြောင်းပေးခြင်း ဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

မြင်းမထိတောင်နှင့် ဆင်တောင်တို့ကို မြန်မာတောင်တက်အဖွဲ့ အောင်မြင်စွာတက်ရောက်နိုင်ခဲ့

နေပြည်တော် ဇူလိုင် ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်လှုပ်ရှားမှုအဖြစ် အဖွဲ့ဝင် ၃၀၂ ဦးပါဝင်သော တောင်တက်အဖွဲ့သည် ဇူလိုင် ၁၈ ရက်တွင် ရှမ်းပြည်နယ် ကလောမြို့နယ်ရှိ မြင်းမထိတောင်ကို လည်းကောင်း၊ ဇူလိုင် ၁၉ ရက်တွင် မန္တလေးတိုင်း သာစည်မြို့နယ်အတွင်းရှိ ဆင်တောင်တို့ကိုလည်းကောင်း အောင်မြင်စွာ တက်ရောက်နိုင်ခဲ့သည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊ မြန်မာနိုင်ငံ၏ ရေမြေတောတောင် သဘာဝကို ချစ်မြတ်နိုးစေရန်၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးစေရေးအတွက် အခြေခံကောင်းများ ရှာဖွေဖော်ထုတ်ပေးနိုင်ရန်၊ တိုင်းရင်းသားညီအစ်ကိုများ၏ဘဝကို အနီးကပ်လေ့လာထိတွေ့စေခြင်းဖြင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုစိတ်များ ရှင်သန်တိုးပွားလာစေရန်၊ လူငယ်များ၏ စွန့်စားလိုစိတ်များကို မှန်ကန်တက်ကြွစွာ လုပ်ဆောင်လာတတ်စေရန်၊ လူငယ်များ၏ ဒေသန္တရဗဟုသုတ အတွေ့အကြုံများ တိုးတက်ရရှိစေရန်နှင့် ခြေလျင်နှင့်တောင်တက် အားကစားတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် လှုပ်ရှားဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

တောင်တက်အဖွဲ့တွင် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်မှ အုပ်ချုပ်မှုအဖွဲ့၊ မန္တလေးဆေးတက္ကသိုလ်၊ မကွေးဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)၊ သူနာပြုတက္ကသိုလ်(မန္တလေး)၊ ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(မန္တလေး)၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၊ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း)၊ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၊ စီးပွားရေးတက္ကသိုလ် (မိတ္ထီလာ)၊ စီးပွားရေးတက္ကသိုလ်(မုံရွာ)၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ် (မန္တလေး)နှင့် နည်းပညာကောလိပ် (မန္တလေး)တို့မှ အုပ်ချုပ်သူ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ကြွစွာ ပါဝင်ခဲ့သည်။

တောင်တက်ခရီးစဉ်အတွက် သွားလာရေး အစဉ်ပြေချောမွေ့စေရန် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လိုအပ်သည်များကို အားပေးကူညီပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဂုဏာဝိသိဋ္ဌပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၈)ဖြင့် ထုတ်ပြန်ဆက်ကပ်ခြင်းခံရသော အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဗဟန်းမြို့နယ် ပသုံးလုံး ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇောတိက (အစိုးရဓမ္မာစရိယ) ကျမ်းပြုအရှင်မြတ်အား အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူ ယောဂီများနှင့် အလှူရှင်များက ဂုဏာဝိသိဋ္ဌပူဇော်ပွဲကို ဩဂုတ် ၁၀ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် ပသုံးလုံးဝိပဿနာ အဖွဲ့ချုပ်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀ ၆။ အမျိုးသားရေး တေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၁၅)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း (၈၈)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -နွားသားမစားရေး မေတ္တာစာ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၃၃)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

နိုင်ငံရေးပြစ်မှု၊ နိုင်ငံရေးအကျဉ်းသားနှင့် မြန်မာနိုင်ငံဥပဒေပြဋ္ဌာန်းချက်များ(၃)

နိုင်မြင့်(တောင်သာ)

(ယမန်နေ့မှအဆက်)

မနီလာ။ "ဒါနဲ့ဖေဖေ၊ သမီးကို စောဒကတက်တယ်လို့ မထင်ပါနဲ့၊ သမီးထပ်မေးဦးမယ်နော်။"

ဦးမြင့်။ "မေးပါသမီးရယ်၊ သမီးရှင်းရှင်းလင်းလင်းဖြစ်သွားအောင် ဖေဖေရှင်းပြမှာပေါ့။"

မနီလာ။ "တခြားမဟုတ်ပါဘူး၊ ၁၉၈၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းထားတဲ့ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၇/၈၀ ဖြစ်တဲ့ နိုင်ငံရေးပင်စင်ဥပဒေထဲမှာ နိုင်ငံရေးပြစ်မှုများဆိုပြီးဖော်ပြထားတာ သမီးမှတ်ထားလိုက်သလားလို့၊ အဲဒါကရော ဘယ်လို အဓိပ္ပာယ်မျိုးနဲ့ ပြဋ္ဌာန်းထားတယ်ဆိုတာ သမီးသိချင်တယ် ဖေဖေ။"

ဦးမြင့်။ "မှန်ပါတယ်သမီး။ ၁၉၈၀ပြည့်နှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ နိုင်ငံရေးပင်စင်ဥပဒေရဲ့နောက်ဆက်တွဲ(ခ)မှာ နိုင်ငံရေးပြစ်မှုဆိုပြီး သတ်မှတ်ဖော်ပြထားခဲ့တာ တွေ့ရတယ်။ ပိုပြီး ကျယ်ကျယ်ပြန့်ပြန့် သိရအောင် သက်ဆိုင်တဲ့ပုဒ်မတွေကိုပါ ကြည့်ကြရအောင်။ ဒီဥပဒေပုဒ်မ ၂၁ မှာ နိုင်ငံရေးပင်စင်ခံစားခွင့်ရှိတဲ့ပုဂ္ဂိုလ်ဟာ နောက်ဆက်တွဲဇယား(ခ) မှာပါတဲ့ ပြစ်မှုတစ်ခုခုနဲ့ ပြစ်မှုထင်ရှားစီရင်ခံရလျှင် နိုင်ငံရေးပင်စင်ကို ခံစားခွင့်မရှိဘူးလို့ ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၂၂ မှာတော့ နိုင်ငံရေးလစဉ်ပင်စင် ခံစားသူဟာ အသက်ထင်ရှားရှိတဲ့ ကာလပတ်လုံး ခံစားခွင့်ရှိတယ်။ဒါပေမယ့် နောက်ဆက်တွဲ ဇယား(ခ)မှာပါတဲ့ ပြစ်မှုတစ်ခုခုနဲ့ ပြစ်မှုထင်ရှားစီရင်ခံရလျှင် နိုင်ငံရေးလစဉ်ပင်စင်ကို ဆက်လက် မခံစားနိုင်ဘူးလို့ဆိုပါတယ်။ပုဒ်မ ၂၃မှာတော့ နိုင်ငံရေးလစဉ်ပင်စင်ခံစားသူဟာ နောက်ဆက်တွဲဇယား(ခ)မှာပါတဲ့ နိုင်ငံရေးပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်တယ်လို့ ခိုင်လုံတဲ့ အထောက်အထားတွေ့ရှိလျှင် နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ရပ်မှပုဂ္ဂိုလ်ဖြစ်လျှင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင် ကော်မတီကလည်းကောင်း၊ နိုင်ငံတော်အဖွဲ့အစည်းတစ်ရပ်ရပ်မှ ပုဂ္ဂိုလ်ဖြစ်လျှင် နိုင်ငံတော်ကောင်စီကလည်းကောင်း ဒီပုဂ္ဂိုလ်ရဲ့ လစဉ် ပင်စင်ခံစားခွင့်ကို ရပ်ဆိုင်းနိုင်တယ်လို့ ပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ ဒီဥပဒေရဲ့နောက်ဆက်တွဲ(ခ)မှာ (က) နိုင်ငံရေးပြစ်မှုများဆိုပြီး ပြစ်မှု ခုနစ်မျိုးကို သတ်မှတ်ဖော်ပြထားတာတွေ့ရတယ်။ ဒီပြစ်မှုတွေကတော့ မတရားအသင်းအက်ဥပဒေအရ ပြစ်မှုများ၊ နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၂၂)၊ အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က)၊ နိုင်ငံတော်ကိုဦးဆောင်သော လမ်းစဉ်ပါတီအား ကာကွယ်သည့်ဥပဒေအရ ပြစ်မှုများ၊ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ ပြစ်မှုများနဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ ပြစ်မှုများ၊ ၁၉၆၅ ခုနှစ် ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေအရပြစ်မှုများတို့ဖြစ်တယ်။"

မနီလာ။ "အဲဒီလိုဆိုရင် နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုတို့၊ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုဆိုတာတွေဟာ နိုင်ငံရေးပြစ်မှု ဖြစ်မသွားဘူးလားဖေဖေ။"

ဦးမြင့်။ "ဖေဖေဆက်ပြီးရှင်းပါဦးမယ် သမီး။ ၁၉၇၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေမှာလဲ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ) မှာ နိုင်ငံတော်ကောင်စီက အခါအားလျော်စွာ သတ်မှတ်ကြေညာသော နိုင်ငံရေးပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် စပ်လျဉ်းသည့် ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားခဲ့ပါတယ်။အဲဒီပြဋ္ဌာန်းချက်အရ နိုင်ငံတော်ကောင်စီရုံးက ညွှန်ကြားချက်အမှတ် ၅/၇၇ (၁၉၇၇ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)ကို ထုတ်ပြန်ပြီး နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ခဲ့တဲ့အခါမှာ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု (ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၂) နှင့်အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က)တို့လဲ ပါ ပါတယ်။ ဒါပေမယ့် ဒီဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ ဥပဒေအမှတ် ၄/၈၉ ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၈၂ မှာ **"ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ (၁၉၇၆ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်"**ဆိုပြီး ပြဋ္ဌာန်းလိုက်တဲ့အတွက် အခုပြောတဲ့၁၉၇၆ခုနှစ်၊ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေဟာ အတည်မဖြစ်တော့ပါဘူး။"

မနီလာ။ "၁၉၈၉ ခုနှစ်၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေမှာတော့ ဘယ်လိုပြဋ္ဌာန်းထားပါသလဲ ဖေဖေ။"

ဦးမြင့်။ "၁၉၈၉ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၁၄/၈၉) ပုဒ်မ ၁၁ မှာတော့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် အောက်ပါတစ်ခုခုနှင့်ငြိစွန်းလျှင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိစေရဟု ဖော်ပြပြီး ပုဒ်မခွဲ (ည)မှာ**"နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ကြေညာ သော ငြိမ်ဝပ်ပိပြားရေးဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ၊ အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှုဖြင့်ဖြစ်စေ ပြစ်မှုထင်ရှားစီရင်ခြင်း"** ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။

အဲဒီ ပြဋ္ဌာန်းချက်အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏အမိန့်အမှတ် ၄/၉၁ (၁၉၉၁ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်) ဖြင့် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုများအဖြစ် နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင်ပြုလုပ်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက် ပုန်ကန်မှုကြီးနှင့်စပ်လျဉ်း၍ ထိမ်ချန်မှု၊ ၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေအရ ပြစ်မှုများ၊ အစိုးရလျှို့ဝှက်ချက် အက်ဥပဒေအရ ပြစ်မှုများ၊ လက်နက်မှုများ၊ ပြည်ပသို့ တရားမဝင်ထွက်ခွာမှု၊ ပြည်ပမှတရားမဝင်ဝင်ရောက်မှုဆိုပြီး ခုနစ်မျိုး သတ်မှတ်လိုက်ပြန်ပါတယ်။"

မနီလာ။ "၁၉၈၉ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်အရဆိုပြန်တော့ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုတို့၊ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု ဆိုတာတွေဟာ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုများအဖြစ်နဲ့ သတ်မှတ်ခံရတာပေါ့နော်။"

ဦးမြင့်။ "ဟုတ်တာပေါ့။ ဒီတော့၊ အဲဒီပြဋ္ဌာန်းချက်တွေကို ခြုံပြီး သုံးသပ်ကြည့်လိုက်မယ်ဆိုရင် ၁၉၇၆ ခုနှစ်မှာ ပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေကို ရုပ်သိမ်းပြီးဖြစ်လို့ အဲဒီဥပဒေဟာ အတည်မဖြစ်တော့တဲ့အတွက် အဲဒီဥပဒေပါ ပြဋ္ဌာန်းချက်ကို ထည့်သွင်းစဉ်းစားရန် မလိုတော့ဘူး။ အတည်ဖြစ်နေတဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၁၄/၈၉) ပုဒ်မ ၁၁(ည) ပါ ပြဋ္ဌာန်းချက်အရ ထုတ်ပြန်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်အမှတ် ၄/၉၁ အရဆိုလျှင် သမီးပြောတဲ့ နိုင်ငံတော်အစိုးရအား အကြည်ညိုပျက်အောင် ပြုလုပ်မှု (ပြစ်မှုပုဒ်မ၁၂၄-က)ဟာ ငြိမ်ဝပ်ပိပြားမှုဆိုင်ရာ ပြစ်မှုအဖြစ် သတ်မှတ်ခံရတယ်။ နိုင်ငံရေးပင်စင်ဥပဒေ (၁၉၈၀ ပြည့်နှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၄)ရဲ့ နောက်ဆက်တွဲဇယား(ခ)မှာ ဖော်ပြချက်အရဆိုရင် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုပုဒ်မ ၁၂၄-က)ဟာ နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ခံရတယ်။ ဒီမူရင်းပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီးဥပဒေ)မှာတော့ ဒီပြစ်မှုပုဒ်မ ၁၂၄-က နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှုဟာ ပြစ်မှု (ရာဇဝတ်ပြစ်မှု) သက်သက်အဖြစ်နဲ့သတ်မှတ်ခံရတယ်။ မူလပင်ရင်း ပြစ်မှုဆိုင်ရာဥပဒေရဲ့ အခန်း ၆ မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်သောပြစ်မှုများ(Of Offences Against The State)ခေါင်းစဉ်အောက်မှာ ပြဋ္ဌာန်းထားရှိပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုအမျိုးအစားမှာ အကျုံးဝင်ပါတယ်။"

မနီလာ။ "သမီးကိုပိုပြီးရှင်းအောင် ပြောပြပေးပါဦး။"

ဦးမြင့်။ "ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာပါတဲ့ ပြစ်မှု

၁၉၅၀ ပြည့်နှစ်၊ အရေးပေါ် စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းထားတဲ့ပြစ်မှုတွေကို မည်သည့် ဥပဒေ၊ မည်သည့်ညွှန်ကြားချက်တစ်စုံတစ်ရာကမျှ နိုင်ငံရေးပြစ်မှုပါလို့ ဖော်ပြထားတာမရှိတာရယ်၊ နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိတဲ့သူတွေက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က အပါအဝင် ယင်းဥပဒေအရသတ်မှတ်ထားတဲ့ ပြစ်မှုတစ်ခုခုကို ကျူးလွန်လို့ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေ မရှိတာရယ်၊ နိုင်ငံတော် အကျဉ်းသားများ ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State Prisoners)ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခြင်းခံရတဲ့ နိုင်ငံတော်အကျဉ်းသား (State prisoner)များ မရှိတာရယ်၊ အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင်လက်စွဲတို့မှာ နိုင်ငံရေးအကျဉ်းသား "Political prisoner" များနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေ မပါတာရယ်၊ ဒါတွေကြောင့် ယနေ့မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲမှာ နိုင်ငံရေးပြစ်မှုကိုကျူးလွန်လို့ ပြစ်ဒဏ်ကျခံရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လုံးဝ(လုံးဝ) မရှိဘူးဆိုတာ ရဲရဲကြီး ပြောနိုင်ပါတယ်။

အားလုံးဟာ ရာဇဝတ်ပြစ်မှုမျိုးသက်သက်သာ ဖြစ်တယ်။ ဒီပြစ်မှုကျူးလွန်သူတွေဟာလဲ ရာဇဝတ်ပြစ်မှု ကျူးလွန်သူတွေသာဖြစ်တယ်ဆိုတာ စောစောက သမီး သဘောပေါက်သွားပြီပဲ။

ဒီတော့ ပြစ်မှုဆိုင်ရာဥပဒေမှာပါတဲ့ ပြစ်မှုတစ်ခုခုကို အခြားဥပဒေတစ်ခုခုက မည်သည့်ပြစ်မှုမျိုးဖြစ်တယ်လို့ သတ်မှတ်လိုက်သည့်တိုင် ပြစ်မှုဆိုင်ရာဥပဒေအရတော့ ပြစ်မှုပါပဲ။ ဘယ်လိုမှ ပြောင်းမသွားပါဘူး။

ခုနပြောခဲ့တဲ့ ၁၉၈၉ ခုနှစ်၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ထုတ်ပြန်တဲ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အမိန့်အမှတ် ၄/၉၁ အရ ဆိုလျှင် အဲဒီပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးနောက် ပြစ်မှုဆိုင်ရာဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ ဒါမှမဟုတ် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှုပုဒ်မ ၁၂၄-က)ကို ကျူးလွန်မယ်ဆိုရင် ငြိမ်ဝပ်ပိပြားမှုဆိုင်ရာပြစ်မှုကို ကျူးလွန်တယ်လို့သတ်မှတ်ပြီး သူ့ကို လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်း ပြဋ္ဌာန်းပေးထားခြင်း ဖြစ်ပါတယ်။ ဒီပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့သာ သက်ဆိုင်တာပါ။

အဲဒီလိုပဲ၊ **နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင်ခံစားရသူတွေက ဒီနိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ပြစ်မှုပုဒ်မ ၁၂၄-က)ကို ကျူးလွန်ဖောက်ဖျက်၍ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်လဲ နိုင်ငံရေးပြစ်မှုကို ကျူးလွန်တယ်လို့သတ်မှတ်ပြီး နိုင်ငံရေးပင်စင် ကို ဆက်လက်ခံစားခွင့်မရှိတော့စေရန် ပြဋ္ဌာန်းပေးထားခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှု (ပြစ်မှုပုဒ်မ ၁၂၄-က)ကို နိုင်ငံရေးပြစ်မှုအဖြစ် သတ်မှတ်ပါတယ်လို့ နိုင်ငံရေးပင်စင်ဥပဒေမှာ ထည့်သွင်းဖော်ပြထားတာဟာ အဲဒီနိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရရှိထားသူတွေအတွက်သာ သက်ဆိုင်တာပါ။ နိုင်ငံရေးပင်စင်ဥပဒေထဲမှာ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု (ပြစ်မှု ပုဒ်မ ၁၂၄-က)ကို နိုင်ငံရေးပြစ်မှုပါလို့ ဖော်ပြလိုက်တာနဲ့ ပင်ရင်းဥပဒေဖြစ်တဲ့ ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာ ပြစ်မှု (ရာဇဝတ်မှု) သက်သက်သာဖြစ်တယ်လို့ ပြဋ္ဌာန်းထားတဲ့ ဒီပုဒ်မ ၁၂၄-က ဟာ နိုင်ငံရေးပြစ်မှု ဖြစ်မသွားပါဘူး။ တကယ်လို့ အဲဒီပုဒ်မ ၁၂၄-က ကို နိုင်ငံရေးပြစ်မှုဖြစ်တယ်လို့ ပြဋ္ဌာန်းသတ်မှတ်ချင်ရင် ဒီပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)ထဲမှာကိုပြင်ဆင်သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။"**

မနီလာ။ "ဒီထက်ပိုပြီးရှင်းအောင် အခြားသာဓကတွေ ရှိရင်လဲ နှိုင်းယှဉ်ပြီး ရှင်းပြပေးပါဦး။"

ဦးမြင့်။ "ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)ရဲ့ပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်အရဆိုရင် တိရစ္ဆာန်ဆိုတဲ့စကားရပ်ထဲမှာ လူမှတစ်ပါး အခြားသက်ရှိသတ္တဝါအားလုံး ပါ ပါတယ်။ ၁၉၉၃ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပုဒ်မ ၂(က)မှာ တိရစ္ဆာန်ဆိုတာ လူတို့မွေးမြူထားတဲ့ သို့မဟုတ် တစ်နည်းနည်းအသုံးပြုရန် ဖမ်းဆီးထားတဲ့ တိရစ္ဆာန်ကိုပဲ ဆိုလိုတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ နောက်တစ်ခါ ၂၀၀၀ ပြည့်နှစ်မှာ ပြဋ္ဌာန်းထားတဲ့လမ်းမကြီးများ ဥပဒေပုဒ်မ ၂(ဂ)မှာတော့ တိရစ္ဆာန်ဆိုတာဟာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ်နှင့်ဝက်တို့ကိုသာ ဆိုလိုတယ်ဆိုပြီး ပြဋ္ဌာန်းထားပြန်ပါတယ်။ ဒီလိုဆိုတော့ သူ့ဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်ဆိုလိုရင်းဟာ သူ့ဥပဒေနဲ့သာ သက်ဆိုင်တယ်ဆိုတာ ထင်ရှားနေပါတယ်။ တခြားဥပဒေမှ အဓိပ္ပာယ်ဖွင့်ဆိုထားချက်ကို သွားရောက်မလွှမ်းမိုးပါဘူး။

အဲဒီလိုပဲ ၁၉၈၅ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန်ကျော်နင်းမှု ဥပဒေပုဒ်မ ၂(က)မှာ ကျွဲ၊ နွား၊ တိရစ္ဆာန်ဆိုတာဟာ ဆင်၊ ကျွဲ၊ နွား၊ နွားနောက်၊ မြင်း၊ မြည်း၊ လား၊ ဝက်၊ သိုး၊ ဆိတ်တို့ပါဝင်တယ်လို့ပြဋ္ဌာန်းထားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေ (၁၁/၉၀)အရ ထုတ်ပြန်တဲ့ တိရစ္ဆာန်များမွေးမြူခြင်းနှင့် သားသတ်ရုံများဆိုင်ရာ နည်းဥပဒေများရဲ့ နည်းဥပဒေ(၁)မှာ ကျပြန်တော့ ကျွဲ၊ နွားတိရစ္ဆာန်ဆိုတဲ့နေရာမှာ နွားနောက်ကို ထည့်သွင်းမထားတော့ဘူး။ နွားနောက်ဟာ ကျွဲ၊ နွား တိရစ္ဆာန်ဆိုတဲ့ စကားရပ်ထဲမှာ မပါတော့ဘူး။ ဒါကို ကြည့်ပြန်တော့လဲ သူ့ဥပဒေအရ သူလိုအပ်လျှင် လိုအပ်သလို ဖော်ပြသတ်မှတ်ပေးတာပါပဲ၊ ဥပဒေတစ်ခုက ဒီလို ဖြစ်ပါတယ်လို့ သတ်မှတ်လိုက်တာနဲ့ တခြားဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းထားတာကို သွားရောက်မထိခိုက်စေရပါဘူး။

ဒါ့ကြောင့် **နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင်ခံစားနေရသူများက နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု ပုဒ်မ ၁၂၄-က ကျူးလွန်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဒီနိုင်ငံရေးပင်စင်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ပြစ်မှုကျူးလွန်တာပဲလို့ သတ်မှတ်ပြီး နိုင်ငံရေး ပင်စင်ခံစားခွင့်ကို ရပ်စဲသွားစေမှာ ဖြစ်ပါတယ်။**

နိုင်ငံရေးပင်စင်ဥပဒေပါ နိုင်ငံရေးပင်စင် ခံစားခွင့်ရသူတွေမဟုတ်ဘဲ အခြားသူ မည်သူမဆိုက ဒီပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၄-က ဖြစ်တဲ့ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်အောင် ပြုလုပ်မှုကို ကျူးလွန်မယ်ဆိုရင် ဒီပြစ်မှုဆိုင်ရာဥပဒေ (ရာဇသတ်ကြီးဥပဒေ)မှာ သတ်မှတ်ထားတဲ့ ရာဇဝတ်ပြစ်မှု သက်သက်ကိုသာ ကျူးလွန်ဖောက်ဖျက်သူဖြစ်ပြီး ပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ဒီဥပဒေအရပဲ ရာဇဝတ်အကျဉ်းသားပဲဖြစ်တယ်လို့ သတ်မှတ်ရမှာပါပဲ။"

မနီလာ။ **"ဖေဖေရှင်းပြတာကို သမီးကောင်းကောင်းကြီး နားလည်ပါပြီ။ ဥပဒေတစ်ခုစီတစ်ခုစီမှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေဟာ သူ့ဥပဒေနဲ့သူသာ သက်ဆိုင်တယ်၊ တခြားဥပဒေမှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သွားရောက်ထိခိုက်ခြင်းမရှိဘူးဆိုတာသိရလို့ ဒီအချက်ဟာလဲ ဥပဒေ ကို လေ့လာတဲ့အခါမှာ အဓိကကျတဲ့အချက်ပဲ ဖြစ်တာမို့ သမီးအတွက် အများကြီး အဖိုးတန်ပါတယ်။ ဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေရဲ့ သဘောသဘာဝကို ရှင်းရှင်းလင်းလင်း သိရှိနားလည်ခြင်းမရှိဘဲနဲ့၊ သေသေချာချာ လေ့လာခြင်း မရှိဘဲနဲ့ နိုင်ငံရေးပြစ်မှုတွေကျူးလွန်လို့ နိုင်ငံရေး အကျဉ်းသားတွေရှိနေတယ်လို့ ပြောဆိုနေတာဟာ လုံးဝလက်ခံ နိုင်တဲ့ အချက်မဟုတ်ဘူးပေ့ါနော်။"**

ဦးမြင့်။ "သမီးသဘောပေါက်လွယ်တာကို ဖေဖေ သိပ်ဝမ်းသာပါတယ်။"

ကဲ သမီးလဲ မောသွားပြီ၊ ဖေဖေပြောတာတွေ အားလုံး ခြုံကြည့်လိုက်တော့ **၁၉၅၀ ပြည့်နှစ်၊ အရေးပေါ်စီမံမှုအက်ဥပဒေပါ ပြဋ္ဌာန်းထားတဲ့ပြစ်မှုတွေကို မည်သည့်ဥပဒေ၊ မည်သည့်ညွှန်ကြားချက် တစ်စုံတစ်ရာကမျှ နိုင်ငံရေးပြစ်မှုပါလို့ ဖော်ပြထားတာမရှိတာရယ်၊ နိုင်ငံရေးပင်စင်ဥပဒေအရ နိုင်ငံရေးပင်စင် ခံစားခွင့်ရှိတဲ့သူတွေက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၂၄-က အပါအဝင် ယင်းဥပဒေအရသတ်မှတ်ထားတဲ့ ပြစ်မှုတစ်ခုခုကို ကျူးလွန်လို့ ပြစ်ဒဏ်ကျခံနေရတဲ့သူတွေ မရှိတာရယ်၊ နိုင်ငံတော်အကျဉ်းသားများ ချုပ်နှောင်ခြင်းဆိုင်ရာ စည်းမျဉ်းဥပဒေများ (Regulation for the Confinement of State Prisoners)ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခြင်းခံရတဲ့ နိုင်ငံတော်အကျဉ်းသား (State prisoner)များ မရှိတာရယ်၊ အကျဉ်းထောင်အက်ဥပဒေနဲ့ အကျဉ်းထောင် လက်စွဲတို့မှာ နိုင်ငံရေးအကျဉ်းသား "Political prisoner"များနဲ့ ပတ်သက်တဲ့ ပြဋ္ဌာန်းချက်တွေ မပါတာရယ်၊ ဒါတွေကြောင့် ယနေ့မြန်မာနိုင်ငံ အကျဉ်းထောင်တွေထဲ မှာ နိုင်ငံရေးပြစ်မှုကိုကျူးလွန်လို့ ပြစ်ဒဏ်ကျခံရတဲ့ နိုင်ငံရေးအကျဉ်းသားတွေ လုံးဝ(လုံးဝ) မရှိဘူးဆိုတာ ဖေဖေ ရဲရဲကြီး ပြောနိုင်ပါတယ်** သမီး။

ဒီတော့ ဖေဖေတို့နိုင်ငံမှာ နိုင်ငံရေးပြစ်မှုကို ကျူးလွန်လို့ နိုင်ငံရေးအကျဉ်းသားတွေရှိနေတယ်လို့ ပြောလာဆိုလာတဲ့သူတွေကို သမီးတွေ့လာရင် ဒီအချက်တွေကို ကိုးကားပြီး နိုင်ငံရေးအကျဉ်းသားဆိုတာ မရှိတဲ့အကြောင်း သေချာရှင်းလင်းပြောပြပေ့ါ။ နောက်ပြီး သမီးသူငယ်ချင်းတွေ၊ သမီးရဲ့ တပည့်တွေကိုလဲ သေချာနားလည်အောင် ရှင်းပြသင်ပြပေးပါ။ သမီးတတ်ထားတဲ့ ဥပဒေပညာနဲ့ နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးပါသမီး။"

မနီလာ။ "ကောင်းပါပြီဖေဖေ၊ ဖေဖေပြောတဲ့အတိုင်း သမီး ဆောင်ရွက်သွားပါ့မယ်"။ ။

သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်ကြီးအတွက် ဆောက်လုပ်ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်ရှိ သမိုင်းဝင် သက်သာပန်းတောင်း ရွှေရင်အေးစေတီတော်မြတ်ကြီး၌ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးယိုယွင်းသွားသော ဘုရားတန်ဆောင်း အဆောက်အအုံများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရန်အတွက် The Dharma Drum Mountain Social Welfare and Charity Foundation နှင့်အလှူရှင်များက ဆောက်လုပ်ရေးပစ္စည်းများနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၂ရက်တွင် အဆိုပါစေတီတော်မြတ်ကြီးရှိ အာရုံခံတန်ဆောင်း၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တသုမနထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အလှူရှင် ဖာကူဆန် တရုတ်(တိုင်ပေ) ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့က ငွေကျပ် ၅၂သိန်းတန်ဖိုးရှိ သွပ်အချပ်၄၂ဝနှင့်ငါးမူးလုံး ဆောက်လုပ်ရေးသံချောင်း နှစ်တန်နှင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ရွှေ မိသားစုက အလှူငွေကျပ် လေးသိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရွှေတို့က လက်ခံကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိစိတ္တက ရေစက်ချ အနုမောဒနာတရားဟောကြားချီးမြှင့်တော်မူရာ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ အလှူရှင် ဖာကူဆန် တရုတ်(တိုင်ပေ) ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့သည် လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ သောင်ကြီးကျောင်းတိုက် ဘုန်းတော်ကြီးပညာသင်ကျောင်းသို့ သွားရောက်၍ ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများ၊ ကျောပိုးအိတ်နှင့် မိုးကာအင်္ကျီများကို ဆက်လက်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သိရီမင်္ဂလာ မဟာစည်ရိပ်သာကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်နှင့် မွေးနေ့အလှူတော်ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၅၁ရပ်ကွက် မြဝတီမင်းကြီး (၁)လမ်း သိရီမင်္ဂလာမဟာစည်ရိပ်သာကျောင်းတိုက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဓမ္မကထိက ဗဟုဇနဟိတရေ တွံတေးအရှင်ကုန္ဒက၏ (၄၇)နှစ်မြောက် ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာတို့ကို ၁၃၇၀ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်၊ (၂၇-၈-၂၀၀၈)(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် ပင့်သံဃာတော် ၁၀၈ပါးတို့အားလည်းကောင်း၊ ယင်းနေ့နံနက် အရုဏ်တွင် ပင့်သံဃာတော် အပါး ၃၀၀ကျော်တို့ကို တွံတေးအရှင်ကုန္ဒက (ဓမ္မကထိက ဗဟုဇနဟိတရေ) မွေးနေ့အရုဏ်ဆွမ်းလောင်းခြင်း၊ စာရေးတံမဲများကိုလည်းကောင်းဆက်ကပ် လှူဒါန်းမည်ဖြစ်ပါ၍ စေတနာရှင်ကုသိုလ်ရှင်များ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်မည်

ရန်ကုန် ဇူလိုင် ၂၃

ပုသိမ်အသင်း(ရန်ကုန်)၏ပုသိမ်ခရိုင်အတွင်းမှ ရန်ကုန်မြို့၌ သီတင်းသုံး ကျောင်းထိုင်တော်မူလျက် ဝါဆိုတော်မူကြသော သံဃာတော် ၂၈ ပါးတို့အား (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီရောဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုများနှင့်စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြပါရန်နှင့်လှူဒါန်းလိုပါက ပုသိမ်အသင်းဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀၂၃၃၀၇၊ ဒုဥက္ကဋ္ဌများ ဦးဘအေး ဖုန်း-၀၉-၅၀၁၆၆၁၃၊ ဦးမြင့်ဦး ဖုန်း-၃၈၁၃၆၁၊ ဦးသန်းအောင်လင်း ဖုန်း - ၀၉-၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း-၀၉-၅၁၂၃၄၁၁၊အတွင်းရေးမှူးဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း-၀၉-၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း - ၀၉-၅၁၅၀၁၀၀၊ ပုသိမ်အသင်း (ရန်ကုန်) ဖုန်း - ၀၁ ၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ငွေကျပ် ၁၀၀ တန်ထီဖွင့်ပွဲ ဩဂုတ် ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

(၂၃၅)ကြိမ်မြောက် ငွေကျပ်(၁၀၀)တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲကိုဩဂုတ် ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်-၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲ ခန်းမဆောင်၌ နံနက် ၈ နာရီမှ စတင်၍ ညနေ ၄ နာရီထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း၅၀၀(၁)ဆု၊ ငွေကျပ်သိန်း ၃၀၀(၂)ဆု၊ ငွေကျပ်သိန်း ၂၀၀ (၄)ဆု၊ ငွေကျပ်သိန်း၁၀၀(၃၈)ဆု၊ ငွေကျပ်၁၀သိန်း(၅၆၁)ဆု၊ ငွေကျပ်ငါးသိန်း(၂၁)ဆု၊ ငွေကျပ်လေးသိန်း(၂၄)ဆု၊ ငွေကျပ်နှစ်သိန်း(၁၉၅)ဆု၊ ငွေကျပ် တစ်သိန်း (၁၅၃၀)ဆု၊ ငွေကျပ် ရှစ်သောင်း (၆၅)ဆု၊ ငွေကျပ် လေးသောင်း (၁၀၂)ဆု၊ ငွေကျပ် နှစ်သောင်း (၁၅၈၃၅)ဆု၊ စုစုပေါင်း ၁၈၃၇၈ ဆုဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၇-၂၀၀၈ (ကြာသပတေးနေ့)

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် (၇)ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	မြန်မာ့အနုလက်ရာထင်ရှား ကြည်ညိုဖွယ်ရာနှီးဘုရား
၇း၅၅	၅။	အဆိုပြိုင်ပွဲ
၈း၀၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	ရုပ်မြင်ရသတေးစုကဏ္ဍ
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အတီးပြိုင်ပွဲ
၄း၂၀	၃။	အကပဒေသာ
၄း၃၀	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀	၅။	ရန်ကုန်တိုင်းအမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆဋ္ဌမအကြိမ်မွေ့စကြာဝတ်ရွတ် ပူဇော်ပွဲ(တတိယဆု)
၅း၁၀	၆။	[အထက(၁) ကျောက်တန်း] (အမျိုးသမီးဝတ်ရွတ်အဖွဲ့) **"သူငယ်ချင်းမရှိတဲ့ ဥပဒေ" (မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ် ကျော်)**
၅း၂၀	၇။	အဆိုပြိုင်ပွဲ
၅း၂၅	၈။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၃၀	၉။	တေးဂီတအစီအစဉ်
၅း၄၀	၁၀။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၃၀	၁၂။	မိုးလေဝသအခြေအနေ
၆း၃၅	၁၃။	ကျောင်းကန်ဘုရားကုသိုလ်ပွား ကောင်းမှုထိုထိုလဝါဆို
၇း၀၀	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကာဖီချစ်သူ" (အပိုင်း-၁၅)**
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၁၃)**
	၁၉။	အစီအစဉ်ပြီး၏။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စတားဝါးနာမည်ကြီးအာကာသ ရုပ်ရှင်ဇာတ်လမ်း အနှစ် ၃၀ ပြည့် အခမ်းအနား ကျင်းပနေသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ရေဒါစခန်းထားရှိမှုကို ချက်ပြည်သူသုံးပုံနှစ်ပုံ ဆန့်ကျင်

ပရာဟာ ဇူလိုင် ၂၂

ချက်ပြည်သူ သုံးပုံနှစ်ပုံခန့်သည် ၎င်းတို့၏ နိုင်ငံအတွင်း အမေရိကန်ရေဒါစခန်း တည်ဆောက်မည့် အစီအစဉ်ကို သဘောမတူကြကြောင်း ဇူလိုင်လအတွင်း စီဗွီဗွီအမ်က ကောက်ယူသော စစ်တမ်းတွင်ဖော်ပြသည်။

ရေဒါစခန်းထားရှိမှုကို မလိုလားသော ချက်ပြည်သူများက ၆၈ ရာခိုင်နှုန်းရှိပြီး လက်ခံလိုသော ပြည်သူများက ၂၃ ရာခိုင်နှုန်းသာရှိကြောင်း စီဗွီဗွီအမ်က တင်ပြထားသည်။

ရေဒါစခန်းကို ဆန့်ကျင်သော ပြည်သူ အချိုးအစားသည် ၂၀၀၆ ခုနှစ်ကတည်းက ၆၀နှင့်၇၀ ရာခိုင်နှုန်းအကြား၌သာ အတက်အကျရှိနေသည်။ ထောက်ခံသော ပြည်သူအချိုးအစားသည် မည်သည့်အခါကမျှ ၃၀ ရာခိုင်နှုန်းထက် မကျော်လွန်ခဲ့ဟု ဆိုသည်။ စီဗစ်ဒီမိုကရက် တစ်ပါတီ (အိုဒီအက်စ်)ကို လိုလားသူများသည် ရေဒါစခန်း ထားရှိခြင်းကို လက်ခံမည့်အလားအလာရှိနေပြီး ကျန်မဲပေးသူများကမူ ဆန့်ကျင်ကြမည် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုက ပရာဟာမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၉၀ အကွာရှိ စစ်ဘက်စခန်း၏သီးသန့်မြေနေရာတွင် ရေဒါစခန်းကို တည်ဆောက်ရန် ဆန္ဒရှိနေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နီပေါနိုင်ငံ၏ ပထမဆုံးသမ္မတကို ရွေးချယ်

ခတ္တမန္ဒူ ဇူလိုင် ၂၂

နီပေါနိုင်ငံ လွှတ်တော်အမတ်များသည်ကွန်မြူနစ်များက ထောက်ခံထားသော ကိုယ်စားလှယ်ကို ပယ်ချ၍ နိုင်ငံ၏ ပထမဆုံးသော သမ္မတကို တနင်္လာနေ့တွင် ရွေးချယ်လိုက်ကြသည်။

နီပါလီကွန်ဂရက်ပါတီမှ ရမ်းဘရမ်ယာဒက်သည် လွှတ်တော်တွင် ကိုယ်စားလှယ် ၅၉၀ ရှိသည့်အနက် ထောက်ခံမဲ ၃၀၈ မဲရရှိပြီး ကွန်မြူနစ်များ ထောက်ခံသော ရမ်းရာဂျာပရာဆတ်ဆင်းကို အနိုင်ယူခဲ့သည်။

အောင်ပွဲစတင်ပြီး မကြာမီမှာပင် သမ္မတအသစ်သည် အသက် ၈၃ နှစ်ရှိပြီဖြစ်သော ဝန်ကြီးချုပ် ဂီရိဂျာပရာဆတ်ကွိုင်ရာလာကို သွားရောက်တွေ့ဆုံခဲ့သည်။ နီပေါနိုင်ငံသည် သက်တမ်း ၂၃၉ နှစ်ရှိပြီဖြစ်သော ဘုရင်စနစ်ကို အဆုံးသတ်ကာ သမ္မတနိုင်ငံစနစ်ကို ထူထောင်လိုက်ကြပြီဖြစ်သည်။ယခုမဲစနစ်ဖြင့် သမ္မတအားရွေးချယ်လိုက်သည့် ဖြစ်ရပ်သည် ဘုရင်စနစ်ကို ဖျက်သိမ်းအပြီး ပထမဦးဆုံး မဲပေးဆုံးဖြတ်ခဲ့သည့် လွှတ်တော်၏ ဆောင်ရွက်ချက်ပင်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်က အီရန်ကို တိုက်ခိုက်နိုင်ရေးအတွက် အိန္ဒိယအား မဟာမိတ်ဖြစ်ရန် ကြိုးစားနေဟု စွပ်စွဲ

နယူးဒေလီ ဇူလိုင် ၂၂

အိန္ဒိယနိုင်ငံ စီပီအိုင်(အမ်) ခေါင်းဆောင် ဆီတာရပ်ရီချူရီက အမေရိကန် ပြည်ထောင်စုသည် အီရန်နိုင်ငံကို တိုက်ခိုက်ရန်အတွက် အိန္ဒိယနိုင်ငံအား မဟာဗျူဟာမြောက် မိတ်ဆွေဖြစ်လာစေရန် ကြိုးစားလျက်ရှိကြောင်း ဇူလိုင် ၂၁ ရက်က စွပ်စွဲပြောကြားလိုက်သည်။

ဖိအားပေး

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံအား တိုက်ခိုက်ရန် စတင်ကြံစည်လျက်ရှိသောကြောင့် အိန္ဒိယနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်လျက် ရှိကြောင်း၊ အိန္ဒိယနိုင်ငံကိုလည်း မဟာဗျူဟာမိတ်ဆွေအဖြစ် ပူးပေါင်းပါဝင်ရန် ဖိအားပေးလိမ့်မည်ဖြစ်ကြောင်း အမေရိကန်-အိန္ဒိယ နျူကလီးယားစာချုပ် ကန့်ကွက်ပွဲတွင် ရီချူရီက ပြောကြားသည်။

အီရန်နိုင်ငံက နျူကလီးယားစွမ်းအင် ပိုင်ဆိုင်ရန် ကြိုးစားလာခြင်းသည် အမေရိကန်အစိုးရအား အမျက်ဒေါသထွက်စေခဲ့သည်။

ရီချူရီက အမေရိကန်သည် အီရန်နိုင်ငံအားတိုက်ခိုက်နေစဉ်အမေရိကန်လေယာဉ်များနှင့် စစ်သင်္ဘောများကို ပြုပြင် ထိန်းသိမ်းပေးခြင်းများကို အိန္ဒိယနိုင်ငံက ရပ်ဆိုင်းလိုက်ရန် တိုက်တွန်းပြောကြားခဲ့သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

ကူမင်း၌ ဘတ်စ်ကားပေါ်ဗုံးကွဲမှု သတင်းပေးသူအား ဆုငွေယွမ်တစ်သိန်းပေးမည်

ကူမင်း ဇူလိုင် ၂၃

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဇူလိုင် ၂၁ရက်ကဖြစ်ပွားသော ဘတ်စ်ကားပေါ် ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍သတင်းပေးနိုင်သူအား ယွမ်ငွေ၁၀၀၀၀၀(အမေရိကန်ဒေါ်လာ ၁၄၂၈၀) ဆုချီးမြှင့်မည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဌာနက အင်္ဂါနေ့တွင် ကြေညာထားသည်။

ယူနန်ပြည်နယ်၏ မြို့တော်ကူမင်းတွင် ပြေးဆွဲနေသည့် အမှတ် ၅၄ ဘတ်စ်ကားနှစ်စီးပေါ်တွင် တနင်္လာနေ့က ဗုံးပေါက်ကွဲမှုနှစ်မှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲမှုတစ်ခုသည် အနောက်ယီမင်လမ်းတွင် နံနက် ၇နာရီ ၁၀ မိနစ်ကဖြစ်ပွားပြီး ဒုတိယပေါက်ကွဲမှုသည် ချောင်ယွန်လမ်းနှင့် အနောက်ရီမင်လမ်းဆုံရာ၌ နံနက် ၈ နာရီ ၅ မိနစ်တွင် ဖြစ်ပွားခြင်းဖြစ်သည်။

အဆိုပါပေါက်ကွဲမှုဖြစ်ပွားသောနေ့က အမှတ် ၅၄ ဘတ်စ်ကားလိုင်းဖြင့် နံနက် ၆ နာရီမှ ၈ နာရီခွဲအတွင်း စီးနင်းသွားလာသော ခရီးသည်များနှင့်ပေါက်ကွဲရာပတ်ဝန်းကျင်ရှိ အငှားယာဉ်မောင်းများထံမှ သတင်းရရှိရန် ရဲတပ်ဖွဲ့မှ စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ဘတ်စ်ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်၌ ပြန်ပေးဆွဲခံရသည့် တူရကီ အင်ဂျင်နီယာနှစ်ဦး လွတ်မြောက်လာ

ကဘူး ဇူလိုင် ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အနောက်ပိုင်းတွင် လွန်ခဲ့သောရက်သတ္တပတ်က ပြန်ပေးဆွဲခြင်းခံရသော တူရကီအင်ဂျင်နီယာနှစ်ဦးတို့ လွတ်မြောက်လာပြီး ၎င်းတို့အိမ်သို့ ပြန်လည်ရောက်ရှိလာကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၁ ရက်တွင်ပြောကြားသည်။

၎င်းတို့ လုံခြုံစွာရှိပြီး ယခုအခါ ပုဂ္ဂလိကရဟတ်ယာဉ်ဖြင့် တူရကီနိုင်ငံသို့ ပြန်သွားကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီး ဌာနက ပြောကြားသည်။

ငြင်းဆို

အာဖဂန်ရဲတပ်ဖွဲ့က အင်ဂျင်နီယာနှစ်ဦး လွတ်မြောက်ရန် ငွေပေး၍ ပြန်ရွေးရသည်ဟုဆို၏။ ယင်းသို့ပြောဆိုမှုကို ကုမ္ပဏီက ငြင်းဆိုခဲ့သည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် ပြန်ပေးဆွဲမှုများသည် အကျိုးအမြတ်များသော စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်လာလျက်ရှိသည်။ မကြာသေးမီနှစ်များအတွင်း ရာဇဝတ်မှု ကျူးလွန်သူများ၊ တာလီဘန်များနှင့် အဆက်အသွယ်ရှိသူများ လက်ချက်ကြောင့် အာဖဂန်တွင် ဒေသခံနှင့် နိုင်ငံခြားသားအများအပြား ပြန်ပေးဆွဲ ခံခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကြက်ငှက်တုပ်ကွေးပိုးကို တိကျစွာဖော်ထုတ်နိုင်သည့်နည်းလမ်း မြောက်ကိုရီးယားသုတေသီများ ရှာဖွေတွေ့ရှိ

ပြုံယမ်း ဇူလိုင် ၂၂

မြောက်ကိုရီးယားနိုင်ငံမှ သုတေသီများသည်ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအခြေအနေကို မြန်ဆန်စွာ စစ်ဆေးဖော်ထုတ်နိုင်သည့် နည်းလမ်းသစ်တစ်ရပ်ကို မကြာမီက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဇူလိုင် ၂၁ ရက်သတင်းတွင် ဖော်ပြသည်။

လွန်ခဲ့သောလေးနှစ်အချိန် မြောက်ကိုရီးယားနိုင်ငံတွင်ကြက်ငှက်တုပ်ကွေးရောဂါစမ်းသပ်တွေ့ရှိစဉ်အခါက မြောက်ကိုရီးယား တိမ္ပေးကုနှင့် စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီမှ ပညာရှင်များသည် ကြက်ငှက်ဗိုင်းရပ်တုပ်ကွေးပိုး၏မျိုးဗီဇဘဏ်တစ်ခုကို တည်ထောင်နိုင်ခဲ့ကြသည်ဟု ကေစီအင်အေ သတင်းဌာနက ထုတ်ပြန်သည်။ ထိုနှစ်နောက်ပိုင်းကာလများတွင်သုတေသီများသည် စူးစမ်းကြရင်းဖြင့် ကြက်ငှက်တုပ်ကွေးရောဂါပိုးကို စမ်းသပ်ဖော်ထုတ်ပေးနိုင်မည့် စမ်းသပ်ပစ္စည်းအေးဂျင့် တစ်မျိုးကို ဖန်တီးနိုင်ခဲ့ကြသည်။ ၎င်းတို့ဖန်တီးထားသောအေးဂျင့်ကို အသုံးပြု၍ရောဂါရှာဖွေပါက ကြက်ငှက်တုပ်ကွေးပိုးမျိုးကွဲများကို ၉၅ရာခိုင်နှုန်း တိကျစွာဖော်ထုတ်ပေးနိုင်သည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

စင်ကာပူနိုင်ငံတွင် ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများမှ ဝန်ကြီးများအစည်းအဝေး၌ လုံခြုံရေးစောင့်ကြပ်နေသော ရဲတပ်ဖွဲ့ဝင်သုံးဦးကို အစည်းအဝေးကျင်းပရာ ခန်းမအနီး၌ ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံအရှေ့တောင်ပိုင်း ဖူကျန့်ပြည်နယ် ပူတီယန်မြို့ အနီး ရေပြင်တွင် တွေ့ရသော လင်းပိုင် တစ်ကောင်အား နယ်စပ်လုံခြုံရေး တပ်ဖွဲ့ဝင်နှစ်ဦးက ပြန်လွှတ်ရန်ပြင်ဆင်နေသည်ကို ဇူလိုင် ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အကျဉ်းသားလဲလှယ်မှု အဆင်ပြေရေး အီဂျစ်အပြင် အခြားကြားဝင်ဖျန်ဖြေသူများ လိုအပ်ဟု ဟားမတ်စ် ပြောကြား

ဂါဇာ ဇူလိုင် ၂၂

အစ္စရေးနှင့် အကျဉ်းသား လဲလှယ်ရေးအစီအစဉ် အောင်မြင်စေရန်အတွက် အီဂျစ်နိုင်ငံအပြင် နောက်ထပ်ကြားဝင်ဖျန်ဖြေသူများရှိစေရန်အလိုရှိကြောင်း ဟားမတ်စ်အဖွဲ့က ပြောကြားကြောင်း၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် သတင်းဌာနက ဇူလိုင် ၁၉ ရက်တွင် ဖော်ပြသည်။

ဟားမတ်စ်အဖွဲ့က ခိုင်ခိုင်မာမာနှင့် ထဲထဲဝင်ဝင် ဆောင်ရွက်မည့် ကြားဝင်ဖျန်ဖြေသူတို့ကို အလိုရှိနေကြောင်း၊ အဘယ်ကြောင့်ဆိုသော အီဂျစ်သည် ဟားမတ်စ်အဖွဲ့ကဖမ်းဆီးထားသည့် အစ္စရေးတပ်ဖွဲ့ဝင်သုံ့ပန်းဂီလက်ရှာလစ်၏ကိစ္စတွင် ပြည့်စုံလုံလောက်စွာ ဆောင်ရွက်မှုမရှိသောကြောင့်ဖြစ်ကြောင်း သတင်းဌာနကပြောကြားသည်။

အီဂျစ်အား ဟားမတ်စ်အဖွဲ့က စိတ်ပျက်လက်ပျက်ရှိနေသည်။ အဘယ်ကြောင့်ဆိုသော် အီဂျစ်အစိုးရသည် ၎င်းကမကထပြုသည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိစေရေးအတွက် အစ္စရေးအားတွန်း အားပေးခြင်းမရှိကြောင်း၊ယင်းသို့ အီဂျစ်၏အခန်းကဏ္ဍ အားနည်းမှုကြောင့် ဂါဇာဒေသ ပိတ်ပင်တားဆီးမှုကို အစ္စရေးက ရုပ်သိမ်းမှုမရှိခဲ့ကြောင်း သတင်းဌာနက ဆက်လက်ဖော်ပြသည်။

ကြားဝင်စေ့စပ်သူများ

သို့ဖြစ်၍ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား အကျဉ်းသား လဲလှယ်ရေးအဆင်ပြေစေရန် အင်အားတောင့်တင်းသည့် ဂျာမနီနိုင်ငံကဲ့သို့သော ကြားဝင်စေ့စပ်သူများကို အလိုရှိနေကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အကြမ်းဖက်သမားများနှင့်စပ်လျဉ်း၍ အိုဘားမားက ပါကစ္စတန်ကို သတိပေး

ဝါရှင်တန် ဇူလိုင် ၂၂

အမေရိကန်ပြည်ထောင်စု ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းဘာရက်အိုဘားမားက အရေးယူဆောင်ရွက်ရန် အချက်အလက်ပြည့်စုံသော ထောက်လှမ်းရေးသတင်းများ ရရှိခဲ့ပါက အယ်လ်ခိုင်ဒါ ပစ်မှတ်များကို ၎င်း၏ အစိုးရအဖွဲ့သည် တိုက်ခိုက်သွားမည် ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံကို သတိပေးလိုက်သည်။

အမေရိကန်အစိုးရက အယ်လ်ခိုင်ဒါထိပ်တန်းပစ်မှတ်များ၏သတင်းများကို ရရှိခဲ့ပြီး ပါကစ္စတန်အစိုးရက ထိုပစ်မှတ်များ၏နောက်သို့ လိုက်ရန်ဆန္ဒမရှိခဲ့လျှင် အမေရိကန်အစိုးရအနေဖြင့် လိုက်လံတိုက်ခိုက်မည်ဖြစ်ကြောင်း အာဖဂန်နှင့် အီရတ်နိုင်ငံများသို့ အလည်အပတ် ရောက်ရှိနေသော အိုဘားမားက ပြောကြားသည်။

အထက်တွင် ပြောဆိုခဲ့သကဲ့သို့သော ဖြစ်စဉ်များ ဖြစ်မလာစေရန် မျှော်လင့်ကြောင်း အိုဘားမားက ဆက်လက်ပြောကြားသည်။

အမေရိကန်တို့က အိုစမာဘင်လာဒင်ကို တွေ့ရှိခဲ့လျှင် အမေရိကန်တို့သည် ပစ်ခတ်နိုင်ခွင့်၊ဖမ်းဆီးနိုင်ခွင့်ကို ပါကစ္စတန်အစိုးရက အသိအမှတ်ပြုရလိမ့်မည်ဖြစ်ကြောင်းစီဘီအက်စ်နယူးစ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် အိုဘားမားက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

ငလျင်ဒဏ်ခံခဲ့ရသည့် စီချွမ်ပြည်နယ်မှ တရုတ်တပ်ဖွဲ့ဝင်များ စတင်ရုပ်သိမ်း

ပေကျင်း ဇူလိုင် ၂၂

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် ငလျင်ပြင်းထန်စွာ လှုပ်ခဲ့သဖြင့် လူ ၇၀၀၀၀ ထက်မနည်း သေဆုံးခဲ့ပြီးသည့်နောက် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ရာမှ ယခုအခါ ပြန်လည် တည်ဆောက်ရေးကဏ္ဍသို့ ရောက်ရှိနေပြီဖြစ်၍ တရုတ်တပ်ဖွဲ့ဝင်များသည် တနင်္လာနေ့မှ စတင်ရုပ်သိမ်းလျက်ရှိကြောင်း ရိုက်တာသတင်းအရ သိရှိရသည်။

မေ ၁၂ ရက်တွင် ငလျင်လှုပ်ခဲ့ပြီးနောက် တရုတ်လက်နက်ကိုင် တပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင် ၁၃၀၀၀၀ ခန့်ကို ယင်းဒေသ၌ အကူအညီပေးရန် ဖြန့်ကြက်ခဲ့သည်။ တရုတ်သမ္မတ ဟူကျင်တောင်၏ အမိန့်ဖြင့် တပ်ဖွဲ့ဝင် ၄၀၀၀၀ ပါဝင်သည့် အုပ်စုကို ပထမဆုံးရုပ်သိမ်းခဲ့သည်။

ငလျင်ဒဏ်ခံခဲ့သည့် ဖော်ပြပါပြည်နယ်နှင့် ပြည်သူများအတွက် တပ်ဖွဲ့ဝင်များ၏ လုပ်အားပေးကူညီခဲ့မှုအပေါ် ဟူကျင်တောင်က ဂုဏ်ပြုချီးကျူးထားသည်။ ကျန်ရှိနေသေးသည့် တပ်ဖွဲ့ဝင်များသည် လမ်းပြင်ခြင်း၊ ရှင်းလင်းခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးခြင်း စသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီဂျစ်ရထားတိုက်မှုတွင် သေဆုံးသူ ၄၄ ဦးထိ တိုးလာ

ကိုင်ရို ဇူလိုင် ၂၂

အီဂျစ်နိုင်ငံမြောက်ပိုင်းတွင် ရထားတစ်စင်းတိုက်မိမှုဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၄၄ဦးထိ မြင့်တက်သွားပြီဖြစ်ကြောင်း၊ အီဂျစ်နိုင်ငံ ကျန်းမာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဟာတမ်အယ်ဂါဘာလီက ဇူလိုင် ၂၀ရက်တွင် ပြောကြားသည်။

အဆိုပါ ဖြစ်ပွားမှုမှာ မြေထဲပင်လယ်ကမ်းရိုးတန်းအနီး မာဆားမက်ထရူမြို့တွင် ဖြစ်ပွားခဲ့ပြီး ၃၅ဦးလည်း ဒဏ်ရာရရှိခဲ့သည်ဟု အယ်ဂါဘာလီ၏ ပြောကြားချက်ကို ကိုးကား၍ မီနာသတင်းဌာနက ဖော်ပြသည်။ ယင်းအချိန်မတိုင်မီက အီဂျစ်အစိုးရသည်လူနာတင်ကားများနှင့် မော်တော်ယာဉ်၃၇၀၀ဝယ်ယူရန်အတွက် အီဂျစ်ပေါင်သန်း ၈၅၀ (အမေရိကန်ဒေါ်လာသန်း ၁၆၀ ခန့်) သုံးစွဲရန် ခွင့်ပြုခဲ့ရာ ယခုအခါ ပစ္စည်းများရောက်ရှိနေပြီဖြစ်ကြောင်း အောက်လွှတ်တော်အစည်းအဝေး၌ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အစီရင်ခံစာတင်ပြရာတွင် အယ်ဂါဘာလီက ထည့်သွင်းပြောကြားသည်။

အီဂျစ်နိုင်ငံ မြို့တော် ကိုင်ရိုအနောက်မြောက်ဘက် ကီလိုမီတာ ၄၃၀အကွာ မက်ထရူမြို့မြောက်ဘက် ဖိုကာအရပ်ရှိ ကားလမ်းနှင့် မီးရထားလမ်းဆုံရာနေရာတွင် ဇူလိုင် ၁၆ရက်နေ့ မွန်းလွဲပိုင်းကမော်တော်ယာဉ်များနှင့် အရှိန်ပြင်းစွာမောင်းနှင်လာသော ရထားတစ်စင်းတို့ တိုက်မိမှုဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်နိုင်ငံ တောင်ပိုင်း လာရီဒိုအရပ်တွင်ဖုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံ တစ်ခုကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒေါ်လီဟာရီကိန်းမုန်တိုင်း အားကောင်းလာနိုင် မုန်တိုင်းသတင်းကြောင့် အမေရိကန်၌ ရေနံဈေးတက်

ဟူစတန် ဇူလိုင် ၂၃

မက္ကဆီကိုပင်လယ်ကွေ့ရှိ ရေနံနှင့် ဓာတ်ငွေ့တွင်းများမှ ထုတ်လုပ်မှုအချိုးအစား၏ ၅ ရာခိုင်နှုန်းကို အပူပိုင်းမုန်တိုင်း ဒေါ်လီ တိုက်ခတ်နိုင်သည့် အန္တရာယ်ရှိသောကြောင့် ယာယီ ပိတ်ထားရမည်ဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က ထုတ်ပြန်ကြေညာသည်။

ဒေါ်လီမုန်တိုင်းသည် ဟာရီကိန်းမုန်တိုင်းအဆင့်အထိ အင်အားကောင်းလာမည် ဖြစ်သော်လည်း မက္ကဆီကို ပင်လယ်ကွေ့ဒေသ ရေနံထုတ်လုပ်မှုကို ပြောပလောက်အောင် ထိခိုက်မည်မဟုတ်ကြောင်း စွမ်းအင်ဆိုင်ရာ လေ့လာဆန်းစစ်သူ တင်ဖ်အီဗန်က ပြောကြားသည်။

အမေရိကန်ဈေးကွက်တွင် ရေနံတစ်စည်၏ ပေါက်ဈေးသည် ၁၂၅ ဒသမ ၆၃ဒေါ်လာရှိနေရာမှ မုန်တိုင်းလာမည်ဆိုသည့် သတင်းကြောင့် ရေနံတစ်စည်၏ ဈေးနှုန်းသည် ၁၂၇ ဒသမ ၉၅ ဒေါ်လာအထိ မြင့်တက်သွားသည်။

ဒေါ်လီမုန်တိုင်းသည် အတ္တလန္တိတ်ပင်လယ်ပြင်၌ ယခုနှစ်အတွင်း ဒုတိယဖြစ်ပေါ်လာသော မုန်တိုင်းဖြစ်ပြီး ယင်း၏လေတိုက်နှုန်းသည် တစ်နာရီလျှင် ၇၅ မိုင် (ကီလိုမီတာ ၁၂၀) အထိ ပြင်းထန်ဖွယ်ရာရှိကြောင်းသိရသည်။ ထိုမုန်တိုင်းသည် ဗုဒ္ဓဟူးနေ့နှောင်းပိုင်းတွင် တက္ကဆက်နယ်၏ ဘရောင်းစ်ဗီလီမြို့ အနီးမှဖြတ်၍ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကနေဒါ၌ ပေါက်ကွဲမှုဖြစ်ပွား ၁၀၀၀ ခန့် ရွှေ့ပြောင်းခဲ့ရ

အော့တဝါ ဇူလိုင် ၂၂

ကနေဒါနိုင်ငံ၏အကြီးဆုံးမြို့တော် တိုရွန်တိုရှိအထပ်မြင့်လူနေအဆောက်အအုံ၏ မြေအောက်ခန်းအတွင်း ပေါက်ကွဲမှုဖြစ်ပြီးနောက် အဆောက်အအုံ၌ နေထိုင်သူ ၁၀၀၀ ခန့်ကို ရွှေ့ပြောင်းစေခဲ့ကြောင်း တနင်္လာနေ့တွင် တာဝန်ရှိသူများက ပြောကြားသည်။

ဇူလိုင်၂၀ရက်ညပိုင်းကအဆောက်အအုံ၏ မြေအောက်ခန်း၌ ပေါက်ကွဲမှုဖြစ်ပွား၍ လျှပ်စစ်နှင့်ပတ်သက်သော အခန်းတစ်ခန်း၊ နံရံအချို့နှင့် ကားထားရာနေရာများလုံးဝပျက်စီးခဲ့သည်။

မီးသတ်သမားကိုးဦးနှင့် အဆောက်အအုံတွင်း နေထိုင်သူ တစ်ဦးတို့ မီးခိုးမွန်သည့်ဒဏ်ရာနှင့် မီးလောင်သည့်ဒဏ်ရာများ ရရှိခဲ့ကြသည်။

အာဏာပိုင်များက နေထိုင်သူများအား အဆောက်အအုံအတွင်း ဝင်ရောက်ခြင်းကို တားမြစ်ခဲ့သည်။ ဖြစ်ပွားမှုကို စုံစမ်းစစ်ဆေးရန် အနည်းဆုံး ရက်သတ္တပတ်လေးပတ်ကြာမြင့်မည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ကျူးကျော်ရပ်ကွက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားသဖြင့် ဝိုင်းဝန်းငြိမ်းသတ်နေသူများကို ဇူလိုင် ၂၁ ရက် က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)၏ ပဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ရက်က ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်ရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားတွင် တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မဝတီဆရာတော် ဘဒ္ဒန္တကုမ္ဘပါလထံ အလှူရှင်တစ်ဦးက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

STI Education မှ ငွေကျပ်သိန်း ၈၀ ဆုချီးမြှင့်မည့် စကားရည်လုပွဲနှင့် စာစီစာကုံးဆုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၃

STI Education သည် တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီး အသက် ၁၆နှစ်မှ ၁၈နှစ်အတွင်းရှိ စိတ်ပါဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် အင်္ဂလိပ်ဘာသာစကားဖြင့် စကားရည်လုပွဲနှင့် စာစီစာကုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဇူလိုင် ၂၇ရက် မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအတွင်း ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Park Royal Hotel ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပရသည့် အဓိကရည်ရွယ်ချက်မှာ ကျောင်းသားများ၏ ပင်ကိုစွမ်းရည်မြှင့်တင်ရန်၊ ရုတ်တရက်မေးသည့်မေးခွန်းကို မိမိ၏ စဉ်းစားဉာဏ်ဖြင့် ချက်ချင်းပြန်လည်ဖြေဆိုနိုင်၊ ချေပနိုင်မည့် နည်းပညာရပ်နှင့် အကျွမ်းတဝင် ရှိစေရန်ဖြစ်သည်။ ကြိုတင်ပြင်ဆင်ထားခြင်းမရှိသည့် ခေါင်းစဉ်တစ်ခုကို ခိုင်လုံသည့် တင်ပြချက်၊ လုံလောက်သည့် အထောက်အထားများဖြင့် ပံ့ပိုး ပြောဆို တင်ပြခြင်းဖြစ်သည်။ ထိုသို့ပြောဆိုရာ၌ မေးခွန်း၏ Positive နှင့် Negative ကဏ္ဍကို ပါဝင်ယှဉ်ပြိုင်သူ ကျောင်းသားများက မဲနှိုက်၍ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယင်းသို့ ပြောဆိုနိုင်ရန်အတွက် လိုအပ်သည့်အတွေးအခေါ် အယူအဆများ တွေးခေါ်ခြင်း၊ မဟာဗျူဟာ ချမှတ်ခြင်း၊ သင့်တော်မည့် အတွေးအခေါ်ကို ကျိုးကြောင်းလျော်ညီအောင် တင်ပြနိုင်ခြင်းတို့အပေါ် သက်ဆိုင်ရာ အကဲဖြတ်အဖွဲ့က အမှတ်ပေး ဆုံးဖြတ်မည်ဖြစ်သည်။

ယှဉ်ပြိုင်မည့် ကျောင်းသားများအနေဖြင့် ပြောဆိုရမည့် အကြောင်းအရာနှင့် Positive (သို့မဟုတ်) Negative ကို သိပြီး ငါးမိနစ်မှ ၁၀မိနစ်အတွင်း သက်ဆိုင်ရာ အဖွဲ့လိုက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အကဲဖြတ် ဆုံးဖြတ်ရာ၌ ပြိုင်ပွဲဝင်ကျောင်းသားများ၏ အသံနေအသံထား လှုပ်ရှားပြမှုပုံ၊ အချိန်စီမံပုံ၊ ပြောဆိုသည့်နှုန်း၊ ဝတ်စားဆင်ယင်ပုံ၊ ဟာသဉာဏ်ရှိပုံနှင့် တက်ရောက်သူများမှ မေးသည့် မေးခွန်းများကို ပိုင်ပိုင်နိုင်နိုင် ပြန်လည်ဖြေဆိုနိုင်သည့် အပေါ်တွင် မူတည်၍ အမှတ်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲ၌ အသက်အလိုက် အုပ်စုများ ခွဲခြားထားပြီး ပထမဆု ငွေကျပ် ၁၂သိန်းနှင့် ဒုတိယဆု ငွေကျပ် ကိုးသိန်းတို့ကို ပြိုင်ပွဲအပြီးတွင် ကြေညာ၍ ဆုချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် STI မှ ကျောင်းသား များနှင့် အခြားစိတ်ပါဝင်စားသည့် ကျောင်းသားများ နောက်ဆုံးအဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး လာရောက်ကြည့်ရှုရန် စိတ်ပါဝင်စားသူ မည်သူမဆို အမှတ် ၃၇၇၊ ရွှေဘုံသာ(အထက်)လမ်း၊ ပန်းဘဲတန်းမြို့နယ် ဖုန်း-၅၀၇၁၅၂၊ ၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ ရန်ကုန်မြို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

STI Education သည် Diploma in Business Information Systems, Diploma in TESOL, Diploma in Business Management, Diploma in Logistics Management, Diploma in Supply Chain Management, Certificate in English Communication Skills သင်တန်းများကို Association of Managers & Administrators (UK), International Professional Managers Association (UK), SIMM (Singapore), Queensfield Business School (Singapore), London Teacher Training College (UK) တို့နှင့် ပူးပေါင်း၍ ပြည်တွင်းပြည်ပ ဝါရင့်ဆရာများက တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ပြီးသူများကစ၍ ဘွဲ့ရအထိ သင်ကြားပေးနေကြောင်း သိရှိရသည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေး

ရန်ကုန် ဇူလိုင် ၂၃

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ကြီးမှူး၍ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းတို့၏ ပံ့ပိုးကူညီမှုဖြင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်း ဦးဆောင်သည့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးသရုပ်ပြပွဲကို ယနေ့ နံနက် ၉နာရီက အင်းစိန် အထက(၁) ဧရာခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ **(ယာပုံ)** ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်း၊ မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်းဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာမောင်ယဉ်ကျော်)၊ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေဖောတို့က အမှာစကားပြောကြားကြကာ အခမ်းအနားကို ဖွင့်လှစ်ပြီး လက်ထိုးရုပ်ဇာတ်လမ်းများဖြင့် ပညာပေးပြသသည်။ (၆၁)

သုဝဏ္ဏသိင်္ဂီ မိုးကုတ်ရိပ်သာ (၁၀)ရက်စခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ (ဂ)ရပ်ကွက် သံသုမာလမ်းရှိ သုဝဏ္ဏသိင်္ဂီ မိုးကုတ်ဓမ္မရိပ်သာ ကျောင်းတိုက်တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဩဂုတ် ၃ရက်မှ ၁၂ရက်အထိ ကျင်းပ မည့် (၁၀၈)ကြိမ်မြောက် (၁၀)ရက်စခန်းပွဲတွင် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးနန္ဒောဘာသနှင့် ဦးဥတ္တမသာရတို့က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားစခန်း ဝင်လိုသူများ ဖုန်း-၅၇၂၃၉၅၊ ၀၉ ၅၀ ၅၁၅၈၅တို့သို့ ဆက်သွယ်စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘုရားကြီးတောရကျောင်း ရွှေပြည်အေး မဟာစည်ရိပ်သာ ဝါတွင်းတရားစခန်းပွဲ

နေပြည်တော် ဇူလိုင် ၂၃

နေပြည်တော်ပျဉ်းမနား ပန်းခင်းကွက်သစ် ဘုရားကြီးတောရကျောင်း ရွှေပြည်အေး မဟာစည်ရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးဓမ္မပါလသည် ဝါတွင်း(၂၆)ကြိမ်မြောက် ၁၅ရက်စဉ် ဝိပဿနာ အလုပ်ပေးတရားစခန်းပွဲကို ၁၃၇၀ပြည့်နှစ်၊ ဝါခေါင်လဆန်း ၅ရက်မှ လပြည့်ကျော် ၆ရက်၊ (ဩဂုတ် ၆ရက်မှ ၂၂ရက်အထိ) ဝိပဿနာတရားတော်များကို ဟောကြားပြသမည်။

အမျိုးသားများ ဒုလ္လဘရဟန်းဝတ်၍ တရားအားထုတ်ကြရမည်ဖြစ်ပြီး သပိတ်၊ သင်္ကန်းများကို ဆရာတော်က ထောက်ပံ့လှူဒါန်းပေးမည်ဖြစ်သည်။

တရားဝင်ကြမည့် ယောဂီများနှင့် ဆွမ်းလှူဒါန်းလိုသူများသည် ဖုန်း-၀၆၇၂၃၀၄၃သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

ဗီဒီယိုလုပ်ငန်းများ သတ်မှတ်စည်းကမ်းများ လိုက်နာမှုရှိ/မရှိကွင်းဆင်းစစ်ဆေးမည်

ရန်ကုန် ဇူလိုင် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီသည် ၂၀၀၈-၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန် (၁၀)ရပ်နှင့် ဗီဒီယို လုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအတွက် လမ်းညွှန်ချက် (၇)ချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ (ဗွီစီဒီ၊ ဒီဗွီဒီ) ကူးယူခြင်း/ဖြန့်ချိခြင်း/ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း (ရုံနှင့်ပြသခြင်း၊ ကာရာအို ကေခန်းမ KTV၊ လက်ဖက်ရည်ဆိုင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်၌ ဗီဒီယိုပြသခြင်း) လုပ်ငန်းများလိုင်စင်မဲ့ မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွက်ပြည့် ကွင်းဆင်းဆောင်ရွက်ရန် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ပြည်နယ်/တိုင်း လုပ်ငန်းစုရုံးများနှင့် ပြည်နယ်/တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့၊ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိပါက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သံလွင်မြစ်ရေအခြေအနေ

နေပြည်တော် ဇူလိုင် ၂၃

သံလွင်မြစ်ရေသည် ယနေ့မွန်းတည့်ချိန်တွင် ဘားအံမြို့၌ ၇၀၄ စင်တီမီတာသို့ ရောက်ရှိနေကာ အဆိုပါမြစ်ရေသည် ပျမ်းမျှအားဖြင့် တစ်နာရီလျှင် ၁ စင်တီမီတာနှုန်းဖြင့် ဖြည်းညင်းစွာမြင့်တက်နေပြီး နောက် ၄၈ နာရီအတွင်း ဘားအံမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



မရမ်းကုန်းမြို့နယ် သမိုင်း(၁) ရပ်ကွက် (၂)လမ်းရှိ ရတနာမဥ္ဇူ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း ဆောက်လုပ်ဆဲစိတ္တဝိဝေကလေးထပ်ကျောင်းတော်ကြီးအတွက် မရမ်းကုန်းဘုရင့်နောင်နေ ဦးဖုန်းလွင်-ဒေါ်ကျင်ကျင်လှမိသားစုကအလှူငွေကျပ် နှစ်သိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ နာယက ဦးပေါ်ထွန်း လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးပိုလာနိုင်

ရန်ကုန် ဇူလိုင် ၂၃

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** နေပြည်တော်တွင် ၀ ဒသမ ၇၉ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၃၂ လက်မ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၂၉ လက်မ၊ တောင်ကြီးမြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ခန္တီးမြို့တွင် ၂ ဒသမ ၀၉ လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၈၆ လက်မ၊ မကွေးမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် မင်းဘူးမြို့တွင် ၁ ဒသမ ၄၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၄ရက် ညနေထိ ခန့်မှန်းချက်

ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၇ ဒသမ ၆ ဒီဂရီစင်တီဂရိတ် (၈၂ ဒီဂရီဖာရင်ဟိုက်) ၂၂-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၈ ဒီဂရီစင်တီဂရိတ်(၇၁ ဒီဂရီဖာရင်ဟိုက်) ၂၃-၇-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၂၃-၇-၂၀၀၈
နေပူသည့်နာရီပေါင်း မရှိပါ ၂၂-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၃-၇-၂၀၀၈	၄ မမ (၀ဒသမ၁၆လက်မ)	၄ မမ (၀ဒသမ၁၆လက်မ)	၆ မမ (၀ဒသမ ၂၄လက်မ)
၁-၁-၂၀၀၈ မှ ယနေ့အထိ	၁၄၃၈ မမ (၅၆ဒသမ၆၂လက်မ)	၁၆၂၃ မမ (၆၃ဒသမ၉၀လက်မ)	၁၉၃၆ မမ (၇၆ဒသမ ၂၂ လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၂-၇-၂၀၀၈ ရက် ၁၈း၃၀ နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ၈ မိုင်နှုန်း တိုက်ခတ်သည်။

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက်ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ခေတ်မီကောက်စိုက်စက်အသုံးပြု၍ အထူးအထွက်တိုး မိုးစပါးစမ်းသပ်စိုက်ပျိုး တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

၂၀၀၈ခုနှစ် ဇူလိုင် ၁၆ရက် နံနက် ၁၀နာရီတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် တာဝန်ရှိသူများနှင့်အတူ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် မိုးစပါးစိုက်ခင်းသို့ ရောက်ရှိသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ်၏ မိုးစပါးသုံးဧကစိုက်ခင်းတွင် စိုက်ပျိုးရေးဝန်ထမ်းများဖြင့် လေးတန်းသွား ခေတ်မီကောက်စိုက်စက်နှစ်လုံးကိုအသုံးပြု၍ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါးသုံးဧကအား စမ်းသပ်စိုက်ပျိုးနေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လယ်မြေတစ်ဧကအား သာမန်စိုက်ပျိုးပါက ကောက်စိုက်လုပ်သားအင်အား၂၀ဦးဖြင့် အချိန် တစ်ရက်ကြာမြင့်မည်ဖြစ်ပြီး အဆိုပါလေးတန်းသွား ခေတ်မီကောက်စိုက်စက်ကိုအသုံးပြုစိုက်ပျိုးခြင်းဖြင့် စက်တစ်လုံးလျှင် အချိန်နှစ်နာရီအတွင်း လယ်ဧကတစ်ဧက စိုက်ပျိုးနိုင်ကြောင်းနှင့် တစ်ရက်လျှင် လယ်ယာမြေလေးဧကအား အချိန်၊ လုပ်သားနှင့် ငွေကြေးကုန်ကျသက်သာ၍ ပိုမိုထိရောက်မြန်ဆန်စွာ စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများတွင် အထူးကုဆရာဝန်ကြီးများအဖွဲ့ ကျန်းမာရေးစောင့်ရှောက် ပညာပေး

ရန်ကုန် ဇူလိုင် ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှု၊ ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများရှိ ပြည်သူများအား ကျန်းမာရေး ဆေးကုသရန်အတွက် အဖွဲ့ခေါင်းဆောင် သမားတော် ဒေါက်တာမြထွေးငယ်၊ ကလေးအထူးကုဆရာဝန် ဒေါက်တာအောင်ခင်သိန်းနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်ဒေါက်တာစိုးစိုးလွင်တို့ ပါဝင်သော အထူးကုဆရာဝန်များအဖွဲ့သည် တိမ်ခိုးဆေးရုံ သင်္ဘောဖြင့် ဇူလိုင် ၂၁ရက်မှစ၍ လေဘေးသင့်ဒေသများသို့ အလှည့်ကျကွင်းဆင်းသွားရောက်ပြီး ဆေးကုသပေးလျက်ရှိသည်။

အဆိုပါ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် လေဘေးသင့်ကျေးရွာများ၌ ဒေသခံပြည်သူများအား ဆေးကုသပေးလျက်ရှိသည့်အပြင် ကျန်းမာရေးအသိပညာပေး ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးစံပြကျေးရွာသစ်၌ အလှူရှင်များက ဆောက်လုပ်လှူဒါန်းထားသော နေအိမ်များကို တွေ့ရစဉ်။

(သတင်းစဉ်)